# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 20 May 2025 ၁၁၈၂၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်

## ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်မည်

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား သည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



**ယနေ့ ဖတ်စရာ**

နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် သတင်းအဆိပ်လုပ် — ဆောင်းပါး စာမျက်နှာ ၆

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပ — စာမျက်နှာ ၉

၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်း များ၏ သင်တန်းဆင်းပွဲများပြုလုပ် — စာမျက်နှာ ၁၆

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ “၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့် အစီအစဉ်” အသိပေးကြေညာချက် — စာမျက်နှာ ၁၇

ကြေးမုံ

# မိုးရာသီအကူးအပြောင်းကာလ ကူးစက်ရောဂါအမျိုးမျိုးကာကွယ်

ပြည်သူများအနေဖြင့် မိုးရာသီအကူးအပြောင်းကာလတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ကြိုတင်ကာကွယ်ထားကြရန်လိုအပ်သည်။ မိုးရာသီကာလတွင် အဖြစ်များလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မသန့်ရှင်းသောရေနှင့် အစားအသောက်တို့မှ ကူးစက်နိုင်သည့် အသည်းရောင်အသားဝါရောဂါတို့ကို ကြိုတင်ကာကွယ် တားဆီးထားကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးသယ်ဆောင်ထားသော နေ့အချိန်တွင် ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသည်။ သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိရာမှ ရောဂါကူးစက်ဖြစ်ပွားတတ်ပြီး အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိ ရောဂါအသွင်ဆောင်တတ်သည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုးပါဝင်သော မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသုံးမိရာမှ ကူးစက်ဖြစ်ပွားတတ်သောရောဂါဖြစ်သည်။ အသည်းရောင်အသားဝါ(အေ)ရောဂါသည် အေဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်နိုင်သောရောဂါဖြစ်သည်။

အဆိုပါကူးစက်ရောဂါများအားလုံးကို ဆန်းစစ်ကြည့်မည်ဆိုပါက မသန့်ရှင်းသောရေနှင့် အစားအသောက်များက အဓိကအခြေခံသည်ကို တွေ့ရသဖြင့် မိုးရာသီကာလတွင် မိမိတို့အသုံးပြုသောရေနှင့် အစားအသောက်များကို အထူးသတိပြုဖို့လိုသည်။ ထပ်မံ၍ ရောဂါကူးစက်ခြင်းမပြုနိုင်ရန် အထူးသတိပြုရမည့်ရောဂါမှာ ကိုဗစ်-၁၉ ရောဂါဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှု မရှိသလောက်ဖြစ်နေပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် နိုင်ငံအချို့၌ ပုံစံအသစ်ဖြင့် ထပ်မံဝင်ရောက်လာပြီဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ကာကွယ် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါစတင်ရောက်ရှိချိန် မတ်လ ၂၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၁၁ ရက်နေ့အထိ ရောဂါဖြစ်ပွားသူ ၆၄၃၂၄၂ ဦးရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ ၁၉၄၉၄ ဦးရှိခဲ့သည်။ အာဆီယံနိုင်ငံ ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံသည် ကူးစက်ဖြစ်ပွားမှုနှုန်းအဆင့်နိမ့်သော်လည်း ထိုစဉ်က ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေများကို ကြောက်မက်ဖွယ်တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါကို မြန်မာနိုင်ငံ၌ အချိန်တိုအတွင်း ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူကို နောက်ဆုံးတွေ့ရှိခဲ့ပြီး ထိုနေ့မှစ၍ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူထပ်မံမတွေ့ရှိတော့သည်မှာ ယခုအခါ နှစ်နှစ်ကျော်ကြာလာပြီဖြစ်သည်။

လက်ရှိတွင် ကမ္ဘာပေါ်ရှိ ဆိုင်ရာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများနှင့် မီဒီယာများ၏ ထုတ်ပြန်ချက်အရ ထိုင်း၊ စင်ကာပူ၊ တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသည့် သတင်းများကို ကြားသိနေရသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း သိရသည်။ ယခု မေလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေကိုတွေ့ရပြီး ထိုရက်သတ္တတစ်ပတ်အတွင်း ကိုဗစ်-၁၉ လူနာသစ် ၃၃၀၃၀ ရှိပြီး ဆေးရုံတက်လူနာ ၂၄၉၀ နှင့် သေဆုံးသူနှစ်ဦးရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဗီဇပြောင်းမျိုးကွဲသစ်များကူးစက်မှုတို့ကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါလက္ခဏာများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ဆေးရုံများတွင် အဖျားရောဂါလက္ခဏာများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိရပါက ဆေးရုံများတွင် သံသယလူနာများကို သီးခြားထားရှိပြီး ဆေးကုသနိုင်ခြင်းပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆောင်ရွက်မှုတို့ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မိုးရာသီအကူးအပြောင်းကာလတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ကျန်းမာရေးဝန်ကြီးဌာနက အစဉ်သတိပေးနှိုးဆော်ခြင်း၊ ရောဂါဖြစ်ပွားပါက အထူးကုသဆောင်ရွက်ပေးခြင်းတို့ကို ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိပြီး တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားလာနိုင်သည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် ကူးစက်မှုမခံရစေရေးအတွက် စောင့်ကြပ်ကြည့်ရှု ကြိုတင်ကာကွယ်တားဆီးမှုများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသလို ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ရောဂါအမျိုးမျိုး ကူးစက်မခံရအောင် ရောဂါကာကွယ်ရေးအချက်များကို မမေ့မလျော့ လုပ်ဆောင်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## မူမှန်ပြက္ခဒိန် ရောင်းချ

**နေပြည်တော် မေ ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ပညာရှင်များ ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၇-၁၃၈၈ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၅ ခုနှစ်၊ ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ် တစ်သောင်းတိတိဖြင့် ရုံးအမှတ် (၃၅)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန (နေပြည်တော်) တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် မေ ၁၉ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၅ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၆ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆေးဝါး Paracetamol ဖာ ၂၀ (အလေးချိန် သုညဒသမ ၂၈၅ တန်) နှင့် မေ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် လိမ်းဆေးနှင့် အိမ်သုံးဆေးဝါး ၁၉ ဖာ (အလေးချိန် သုည ဒသမ ၂၇၉ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် ဆေးနှင့်ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၉ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၉၃၈ | ၆,၃၉၀,၂၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၈,၅၅၃ | ၂၅,၆၅၉,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃၅ | ၂၇၆,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၅၆ | ၁၀၀,၈၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂ | ၅,၇၀၀ |
| EFR | ၁,၄၅၀ | ၁,၄၅၀ | ၇၅၅ | ၁,၀၉၅,၀၀၀ |
| AMATA | ၃,၈၀၀ | ၃,၈၀၀ | ၀ | ၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၁၇၅ | ၅၅၂,၅၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၅၁ | ၁၅၈,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန်လိုအပ်မည်

★ ရှေ့ဖုံးမှ

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့်နယ်ဘက် မျှတအောင် တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရ အားနည်းမှုများရှိကြောင်း၊ အဆိုပါ အားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ လှုံ့ဆော်မှုမျိုးစုံကို ခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှုမရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်၌ အာဏာရပါတီအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရ သက်တမ်းကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ အစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက် အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအားအတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့်ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံခန့်နှင့် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့် စုစုပေါင်း ၂၅ ဘီလီယံခန့် လိုငွေပြခဲ့ကြောင်း၊ အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပ ဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရ သက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများ ကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ပညာရေး အားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရ သက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား (၂၁)ရာစုပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သဖြင့် အသိပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်း တင်မောင်ရေးသားသည့် "တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်" ဆိုသည့်အတိုင်း ၎င်းအချိန်က "ဒီမိုကရေစီက နုနု၊ မုန်တိုင်းက ထန်ထန်" ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့်အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကို အထမြောက်အောင် ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှချမှတ်ထားသည့် မူဝါဒများနှင့်အညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန် လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လိုကြောင်း။

**ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေ ဖော်ဆောင်ပေးရမည်**

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်ဟု** ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း အထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များနှင့် ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုများနှင့် ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများ လုပ်ဆောင်ရာ၌ အကြောင်းအရာဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျဆုံးဖြတ်ဆောင်ရွက်ရန် လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကို ကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှု မဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

- ★ **မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်**
- ★ **အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လို**
- ★ **အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လို၊ အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေး အမြင်များ ရှိရန်လို**

စာမျက်နှာ ၄ သို့ ★

❖ **ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်ပြီဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လို**

❖ **ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့် နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လို**

★ **စာမျက်နှာ ၃ မှ**

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့် နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်**

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများ မရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများ ရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရ အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်”၊ “လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမျှမရှိ”၊ “ဆေးရုံတိုင်း ဆရာဝန်ရှိရမည်”** စသည့် မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့ စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်း ပါဝင်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ယင်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကို စုစည်း၍ ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သား ဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့စေလွှတ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ များစွာဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ မြေနေရာများနှင့် ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေးတို့နှင့် ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို**

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှု စသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်း ထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ ကုန်ကျမှုများ မပါရှိသေးဘဲ နိုင်ငံတော်မှ ကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံ ထောက်ပံ့ပေးခဲ့ရကြောင်း၊ မတ်လ ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင် လမ်းတံတား အဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခု တိုးတက်ရန်အတွက် စီးပွားရေးအရ အားကောင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင် တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်ပြီး ပြည်ပမှတင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ခန့်လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်ကြောင်း၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့် ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့် ပတ်သက်၍ အဖြေရှာရန်လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းတို့ကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး**

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်၍မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်းတံတားဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန် အခက်အခဲများစွာရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့်အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာအချက်အလက် အကျဉ်းချုပ်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး ညှိနှိုင်းအစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင် လမ်းတံတား အဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်**

❖ **သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှု ကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လို၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန်လိုအပ်မည်**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်



**နေပြည်တော် မေ ၁၉**

အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စားတက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ပေါင်း ၂၈ ဖွဲ့လာရောက်ကူညီပေးခဲ့ပြီး International Medical Corps (IMC) အဖွဲ့လည်း အပါအဝင်ဖြစ်ကြောင်း၊ IMC ဆေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀ ၌ ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်အထိ တစ်လအကြာ ယာယီအရေးပေါ်ဆေးခန်းဖွင့်လှစ်ကာ ပြင်ပလူနာစုစုပေါင်း ၁၄၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း၊ ထို့အပြင် ဆေးနှင့် ဆေးပစ္စည်းများ၊ ယာယီတဲများနှင့် အဆောက်အအုံသုံးပစ္စည်းများအား လှူဒါန်းသည့်အတွက် ကျေးဇူးများစွာ တင်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ IMC အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr.Syed Yasir Ahmed က IMC အဖွဲ့၏ ဆေးကုသမှုများဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင်စီစဉ်ပေးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀ မှ ဆေးရုံအုပ်နှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား IMC အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ IMC ဆေးအဖွဲ့သားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## ဗိုလ်တထောင်ခရိုင်၌ ရှေးဦးပြုစုခြင်း အခြေခံအဆင့်သင်တန်း(၁/၂၀၂၅)ဖွင့်လှစ်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဗိုလ်တထောင်ခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ ဗိုလ်တထောင်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်းအခြေခံအဆင့်သင်တန်း(၁ /၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

**အားပေးကြည့်ရှု**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သင်တန်းသင်ကြားနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

## မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



**ပုသိမ်ကြီး မေ ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအနေဖြင့် ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ပုသိမ်ကြီး မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ဆောင်ရွက်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ငလျင်ဘေးသင့်အကျိုးခံစားခွင့်ရှိသူများအား တစ်အိမ်ထောင်စုလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ခြင်ထောင်၊ စောင်နှင့် မိုးကာများကို အိမ်ထောင်စု ၅၆၉ စုအတွက် မြို့နယ် ကြက်ခြေနီအသင်းခွဲက စနစ်တကျ ထောက်ပံ့ပေးအပ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် ပုသိမ်ကြီးမြို့မရပ်ကွက်အုပ်စု၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ ရေထွက်ကျေးရွာအုပ်စုနှင့် နန်းဦးလွင်ကျေးရွာအုပ်စုတို့ကို ပထမအသုတ်အနေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၉-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၁-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် သတင်းအဆိပ်လုပ်

ကိုရေချမ်း

မေလ ၁၂ ရက်နေ့ကနေ ယနေ့အထိ လူမှုကွန်ရက်မျက်နှာစာအသီးသီးမှာ မရပ်မနား နေ့စဉ် အထပ်ထပ်ထုတ်လွှင့်နေတဲ့ သတင်းတစ်ပုဒ်ကို ပြပါဆိုရင် အားလုံးသိရှိကြပြီးဖြစ်တဲ့အတိုင်း စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းရွာမှာ မေလ ၁၂ ရက်နေ့က ဖြစ်ခဲ့တဲ့ သတင်းပဲဖြစ်ပါတယ်။ အဆိုပါသတင်းကို ပြည်တွင်းမှာသာမက နိုင်ငံတကာနဲ့ ကုလသမဂ္ဂစင်မြင့်ထက်ရောက်အောင် သတင်းပေါက်အောင် လုပ်နိုင်တာက ဖြစ်ပျက်ခဲ့တဲ့သတင်း မှန်သည်/မမှန် သည်ကိုမကြည့်ဘဲ အမည်းရောင် (သို့မဟုတ်) အဖျက်အမှောင့်သတင်းစာပညာအစွမ်းနဲ့ လုပ်ခဲ့တာကို သတင်းနဲ့ပတ်သက်ပြီး နားလည်သူတိုင်းသိကြပါတယ်။

### အသိပေးဖော်ပြခဲ့

တရားမဝင်ပြည်ဖျက်မီဒီယာတွေနဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေက အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့တွေက လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်တာကြောင့် ဆရာဆရာမနှစ်ဦးအပါအဝင် ကျောင်းသားကျောင်းသူ ၅၀ ဝန်းကျင်ခန့် ထိခိုက်သေဆုံးခဲ့တယ်လို့ မဟုတ်မမှန် ရေးသားထုတ်လွှင့်ဖြန့်ဝေနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါသတင်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာနယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက **“အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေနဲ့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းတွေကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်တဲ့ နေရာတွေကို ဗုံးကြဲတိုက်ခိုက်မှုတွေမရှိကြောင်း”** ပြောကြားခဲ့ပြီး အဆိုပါ ပြောကြားချက်ကို ပြည်တွင်းရှိ တရားဝင်မီဒီယာတွေမှာလည်း အသိပေးဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါမှာ အကြမ်းဖက်သောင်းကျန်းသူတွေဟာ တော်လှန်ရေးခေါင်းစဉ်ပြပြီး တိုင်းပြည်တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်နေတာတွေ၊ လမ်းတံတားတွေ၊ မြို့ရွာတွေကို ဖျက်ဆီးနေကြတာတွေ၊ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို ပြန်ပေးဆွဲ၊ ဆက်ကြေးကောက်၊အဓမ္မလူသစ်စုဆောင်းတာတွေ၊ တိုင်းပြည်ရဲ့ သယံဇာတတွေကို တရားမဝင်ခိုးထုတ်တာတွေ၊ မူးယစ်ဆေးဝါးနဲ့ အကြမ်းဖက်လုယက်တာတွေ စတဲ့ ဒုစရိုက်မှုအမျိုးမျိုး ပြုလုပ်နေတာတွေကို တွေ့လာရတာကြောင့် ပြည်သူတွေအနေနဲ့ လူကောင်းနဲ့လူဆိုး၊ အမှန်နဲ့အမှားကို ကွဲကွဲပြားပြားနားလည်လာကြပြီဖြစ်ပါတယ်။ ယခုဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြည်သူတွေကိုယ်တိုင်မှန်ခြင်း၊ မှားခြင်းကို အထောက်အထားတွေနဲ့တကွ ခွဲခြားဝေဖန်သုံးသပ်ပြလာတာတွေကို တွေ့မြင်နေရပါတယ်။

### အမှန်တရားရှာဖွေဖို့ခက်ခဲ

တစ်ဖက်မှာ နိုင်ငံတော်နဲ့ တပ်မတော်ကို ချစ်မြတ်နိုးတဲ့သူတွေ၊ တိုင်းပြည်အကျိုးစီးပွားကို ရှေးရှုပြီး သတင်းတွေကို အမှန်ကိုအမှန်အတိုင်း ပြည်သူတွေသိအောင် ရေးကြ၊ တင်ကြတဲ့ ပြည်တွင်းက တရားဝင်မီဒီယာတွေနဲ့ တိုင်းပြည်ကို ချစ်မြတ်နိုးပြီး အမှန်တရားကို တန်ဖိုးထားတဲ့ပြည်သူတွေက ချက်ချင်းတုံ့ပြန်ချေပရေးသား တင်ပြနေကြတာတွေကြောင့် အမှန်နဲ့အမှားဟာ ကွဲကွဲပြားပြားဖြစ်သွားပြီဆိုတာ သေချာပါတယ်။ ဒီအခါမှာ ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်သမားတွေ မခံမရပ်နိုင်ဖြစ်ကြပြီး အမှန်ကိုအမှား၊ အမှားကိုအမှန် အတင်းအဓမ္မလုပ်ကြပါတယ်။ တကယ်တမ်းမှာ ဖြစ်စဉ်တစ်ခုမှန်/မမှန်ဆိုတာကို ကြားခံအဖွဲ့အစည်းတစ်ခုက မြေပြင်ကို ကွင်းဆင်းသွားရောက်စစ်ဆေးပြီး ရှုထောင့်အမြင်ပေါင်းစုံမှ အချက်အလက်တွေရယူရပါတယ်။ ဒါပေမဲ့ ဒီဒေသတွေဟာ အကြမ်းဖက်သမားတွေနဲ့အတူ ဒေသခံပြည်သူတွေ အတူတူရှိနေကြတဲ့ ဒေသတွေဖြစ်နေတာကြောင့် အမှန်တရားကို သွားရောက်ရှာဖွေဖို့ ခက်ခဲပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာစာသင်ကျောင်း၌ မေ ၁၂ ရက်က PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်လုပ်မိုင်းများ ပေါက်ကွဲမှုကြောင့် စာသင်ကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။ (ထိုဖြစ်စဉ်ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားထုတ်လွှင့်ခဲ့ကြသည်။)

ဒါပေမဲ့ အကြမ်းဖက်အဖွဲ့နဲ့ အပေါင်းပါတွေက သတင်းတု၊ သတင်းယောင်အဖြစ် ဖန်တီးထားတာဟာ မသေသပ်ဘဲ လုံခြုံရေးတပ်ဖွဲ့တွေကို အပြစ်ပုံချဖို့ အလောတကြီးလုပ်လိုက်ပုံပါပဲ။ အပြစ်ပုံချဖို့ အထောက်အထားဟာ ကိုယ့်ရှူးကိုယ်ပြန်ပတ်နေတာကို သတိမပြုလိုက်ကြပါဘူး။ ဗုံးကြဲခံလိုက်ရတယ်ဆိုတဲ့ ကျောင်းခန်းအတွင်းမှာ စာသင်စားပွဲနဲ့ ခုံတွေမရှိတာ၊ ကျောင်းနံရံတွေ ပျက်စီးမှုမရှိတာ၊ မျက်နှာကြက်ကျောက်ပြားတွေသာ မွစာကျဲနေတာ၊ ခေါင်မိုးသွပ်ပြားတွေ အပေါ်ဘက်ကို လန်ထွက်နေတာ၊ ဗီရိုနဲ့ နံရံကပ်ပုံတွေ၊ ဘုရားပန်းအိုးတွေအနေအထား မပျက်တာ၊ အထောက်အထားအဖြစ်ပြထားတဲ့ ကျောင်းသားလေးတွေရဲ့ လွယ်အိတ်လေးတွေမှာ အစွန်းအထင်းမရှိဘဲ အိမ်ကယူလာတဲ့တိုင်းဖြစ်နေတာ စတဲ့အချက်တွေကြောင့် အပေါ်က ဗုံးကြဲတာမဟုတ်နိုင်ဘဲ လက်လုပ်ဗုံးတွေ ပေါက်ကွဲမှုဖြစ်တာ ပိုမိုဖြစ်နိုင်ခြေများတာကို တွေ့ရပါတယ်။

### လက်လုပ်မိုင်းပေါက်ကွဲ

ဒေသခံပြည်သူတွေဆီက ရရှိထားတဲ့ အချက်အလက်နဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သုံးသပ်ကြည့်မယ်ဆိုရင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ဗုံးကြဲတိုက်ခိုက်တဲ့ အထောက်အထား မတွေ့ရပါဘူး။ အပေါ်မှကျရောက်တဲ့ ဗုံးပေါက်ကွဲမှုဆိုရင် အဲဒီကျောင်းအဆောက်အအုံနဲ့ ကျောင်းအသုံးအဆောင်ပစ္စည်းအားလုံးဟာ တစ်စစီကြေမွပျက်စီးသွားမှာဖြစ်ပါတယ်။ ဗုံးထိမှန်တဲ့ လူတွေဆိုရင်လည်း အလားတူပါပဲ၊ ခန္ဓာကိုယ်ကို အကောင်းပကတိပြန်ရဖို့ မလွယ်ကူပါဘူး။ တကယ်တော့ အဲဒီစာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းတွေပြုလုပ်ကြပြီး အဲဒီနေ့က အပူရှိန်လွန်ကဲတာကြောင့် လက်လုပ်မိုင်းတွေ ဆင့်ကဲပေါက်ကွဲပြီး စာသင်ကျောင်းကိုရောက်လာတဲ့ ကျောင်းသားကလေးငယ် ၂၂ ဦးနဲ့ ဆရာမနှစ်ဦးတို့ သေဆုံးခဲ့ဟန်တူပါတယ်။

စာမျက်နှာ ၇ သို့ ☆



PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ခဲယမ်း/ဗုံးသီးများ ထုတ်လုပ်ခဲ့မှုကို တွေ့ရစဉ်။

**❛ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာကြည့်ရင် ပိုမိုရှင်းရှင်းလင်းလင်းသိရမှာ ဖြစ်ပါတယ်။ အခုဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့တွေက ဗုံးကြဲတိုက်ခိုက်ခဲ့တာမဟုတ်သလို စာသင်ကျောင်းမှင်းတို့ပြုလုပ်ခဲ့တဲ့ လက်လုပ်ဗုံးတွေပေါက်ကွဲခဲ့တာကြောင့် အပြစ်မရှိတဲ့ ကလေးငယ်တွေ သေဆုံးမှုဖြစ်ခဲ့တာကို အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်အားပေးတဲ့သူတွေနဲ့ ပြည်ဖျက်မီဒီယာတွေ ပူးပေါင်းပြီး ၎င်းတို့ရဲ့ အပြစ်တွေကိုဖုံးကွယ်ဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ကို သိက္ခာချဖို့ ဖန်တီးခဲ့တာ ထင်ရှားပါတယ်။ အဆိုပါဖြစ်စဉ်ကို နိုင်ငံတကာက ကူကြပါလို့အော်နေတဲ့ ဇာတ်လမ်းဟာ ပိုသိသာပါတယ်။ လက်လုပ်ဗုံးပေါက်ကွဲမှုတွေဟာ တကယ်တော့ အကြမ်းဖက်လောကမှာ မဆန်းတော့ပါဘူး။ လက်လုပ်ဗုံးပေါက်လို့ သေသွားတဲ့ အကြမ်းဖက်တွေ မနည်းပါဘူး။ ဒီတစ်ခါ ကလေးတွေ အဆစ်ပါသွားတာပါ ❜**

☆ စာမျက်နှာ ၆ မှ

အွန်လိုင်းပေါ်မှာပျံ့နှံ့ခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ အဆိုပါစာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက လက်လုပ်မိုင်းတွေ ပြုလုပ်နေတဲ့ ရုပ်သံဖိုင်တစ်ခု လူမှုကွန်ရက်ပေါ်မှာ အစောပိုင်းကတည်းက ပေါ်ထွက်ထားပါတယ်။ အဲဒီရုပ်သံဖိုင်မှာ အဆိုပါစာသင်ကျောင်းရဲ့ စာသင်ခန်းတွေမှာ အကြမ်းဖက်သမားတွေက အိမ်သုံးပီစီပီပိုက်တွေကို ဖြတ်တောက်ပြီး လက်လုပ်ဗုံးတွေ ပြုလုပ်နေတာဟာ အသည်းယားစရာကောင်းလောက်အောင် အန္တရာယ်ကြီးလှပါတယ်။ လက်လုပ်မိုင်းတွေကို အလွယ်တကူရနိုင်တဲ့ နေ့စဉ်သုံးပစ္စည်းတွေနဲ့ ပြုလုပ်ထားတတ်ကြပါတယ်။ လက်လုပ်မိုင်းတွေဟာ အဝေးထိန်းစနစ်နဲ့ဖြစ်စေ၊ အချိန်အတိအကျနဲ့ အလိုအလျောက် ပေါက်ကွဲအောင် ချိန်ကိုက်ထားလို့ဖြစ်စေ၊ ထိမိကိုင်မိလို့ဖြစ်စေ ပေါက်ကွဲနိုင်ပါတယ်ဆိုတဲ့ "မိုင်းအန္တရာယ်ကာကွယ်ပေးကြရအောင်" နှိုးဆော်တဲ့ ပြည်ဖျက်မီဒီယာတွေကပဲ အသိပေးခဲ့ကြတာဖြစ်ပါတယ်။

**ၡင်းတို့အပြစ်ကိုဖုံးကွယ်**

ဒီထက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာကြည့်ရင် ပိုမိုရှင်းရှင်းလင်းလင်းသိရမှာဖြစ်ပါတယ်။ အခုဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့တွေက ဗုံးကြဲတိုက်ခိုက်ခဲ့တာမဟုတ်သလို စာသင်ကျောင်းမှ ၎င်းတို့ပြုလုပ်ခဲ့တဲ့ လက်လုပ်ဗုံးတွေ ပေါက်ကွဲခဲ့တာကြောင့် အပြစ်မရှိတဲ့ ကလေးငယ်တွေ သေဆုံးမှုဖြစ်ခဲ့တာကို အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်အားပေးတဲ့ သူတွေနဲ့ ပြည်ဖျက်မီဒီယာတွေ ပူးပေါင်းပြီး ၎င်းတို့ရဲ့ အပြစ်တွေကို ဖုံးကွယ်ဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ကို သိက္ခာချဖို့ ဖန်တီးခဲ့တာ ထင်ရှားပါတယ်။ အဆိုပါဖြစ်စဉ်ကို နိုင်ငံတကာက ကူကြပါလို့ အော်နေတဲ့ ဇာတ်လမ်းဟာ ပိုသိသာပါတယ်။ လက်လုပ်ဗုံး ပေါက်ကွဲမှုတွေဟာ တကယ်တော့ အကြမ်းဖက်လောကမှာ မဆန်းတော့ပါဘူး။ လက်လုပ်ဗုံး ပေါက်လို့ သေသွားတဲ့အကြမ်းဖက်တွေ မနည်းပါဘူး။ ဒီတစ်ခါ ကလေးတွေ အဆစ်ပါသွားတာပါ။

**“မြန်မာနိုင်ငံမှာ တော်လှန်ရေးအကြောင်းပြပြီး ပေါ်ပေါက်လာခဲ့တဲ့ NUG လို အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့ အသုံးချခံ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ကျေးလက်တွေက စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် ပြုလုပ်ခဲ့တဲ့အထောက်အထားတွေ အမြောက်အမြားရှိပါတယ်။ စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် အသုံးချသလို ပညာရေးနဲ့ ပတ်သက်ပြီး အမြောက်အမြားဖျက်ဆီးခဲ့ပါတယ်”**



PDF အမည်ခံ အကြမ်းဖက်သမားများက ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ နန်းဦးကျေးရွာ စာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ခဲယမ်း/ဗုံးသီးများ ထုတ်လုပ်ခဲ့မှုကို တွေ့ရစဉ်။

အကြမ်းဖက်အဖွဲ့တွေဟာ အထူးသဖြင့် အညာဒေသ ကျေးလက်တောရွာတွေက စာသင်ကျောင်းတွေမှာ အကြမ်းဖက်စခန်းတွေ ပြုလုပ်ပြီး အဖျက်အမှောင့်လုပ်ရပ်တွေ ပြုလုပ်နေတာတွေကို မကြာခဏမြင်တွေ့ကြားသိနေရပါတယ်။ ကျောင်းသား ကျောင်းသူ ကလေးငယ်တွေ စာသင်ကြားရမယ့် ကျောင်းတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်လုပ်ငန်းတွေ လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ တကယ်လို့ စာသင်ကျောင်းတွေမှာ ခိုအောင်းစခန်းချနေတဲ့ အကြမ်းဖက်သမားတွေကို လုံခြုံရေးတပ်ဖွဲ့တွေက ရှင်းလင်းတဲ့အခါ အပြစ်မဲ့ကလေးတွေကို လုံခြုံရေးတပ်ဖွဲ့က အကြောင်းမဲ့သက်သက် ရက်ရက်စက်စက် သတ်ဖြတ်နေပါတယ်လို့ အော်ကြမှာဖြစ်ပါတယ်။ အခု သူတို့ဖန်တီးတဲ့ လက်လုပ်ဗုံးပေါက်ကွဲတာကို လုံခြုံရေးတပ်ဖွဲ့တွေအပေါ် အထင်လွဲအောင်၊ ဇာတ်နာအောင် အကြမ်းဖက်နဲ့ အပေါင်းပါတွေက ဖန်တီးလိုက်ကြတာဖြစ်ပါတယ်။

**စာသင်ကျောင်းနဲ့ အကြမ်းဖက်**

ယခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မရသိမ်ကျေးရွာ မူလတန်းကျောင်းအတွင်း အဖျက်အမှောင့်လုပ်ငန်းတွေလုပ်ကိုင်ဖို့ စခန်းချနေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို လုံခြုံရေးတပ်ဖွဲ့တွေက ရှင်းလင်းခဲ့ပါတယ်။ စာသင်ကျောင်းမှာ အကြမ်းဖက်သမားတွေက ကျောင်းအတွင်း/အပြင်မှာ သဲအိတ်တွေကာရံတာ၊ မိုင်းထောင်ထားတာ၊ သဲအိတ်ဘန်ကာတွေ ကာရံတာ၊ လေ့ကျင့်ရေးကွင်းတွေ အခိုင်အမာ ဆောက်လုပ်တာတွေကို တွေ့ရပြီး သူတို့ထံကနေ တစ်တောင့်ထိုးသေနတ်၊ တူမီးသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်စိန်ပြောင်း ဗုံးသီးတွေ၊ လက်လုပ်သံကိုယ်ထည်ဆွဲမိုင်းတွေ၊ လေ့ကျင့်ရေးသေနတ်တွေ၊ လက်နက်တွေ ပြုလုပ်တဲ့ တွင်ခုံ၊ TNT ယမ်းတွေ၊ ဖောက်ခွဲဖျက်ဆီးရာမှာ အသုံးပြုတဲ့ သံတိုသံစတွေ၊ သံပိုက်လုံးတွေ၊ ပြောက်ကျားယူနီဖောင်းတွေ သိမ်းဆည်းရမိခဲ့ပါတယ်။

ဆရာ ဆရာမတွေအပါအဝင် ပညာရေးဝန်ထမ်းတွေနဲ့ နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ပညာရေးအဆောက်အအုံတွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်နဲ့ မျိုးဆက်သစ်ကျောင်းသားကျောင်းသူ ကလေးသူငယ်၊ လူငယ်လူရွယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာ တော်လှန်ရေးအကြောင်းပြပြီး ပေါ်ပေါက်လာခဲ့တဲ့ NUG လို အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့ အသုံးချခံ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ကျေးလက်တွေက စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် ပြုလုပ်ခဲ့တဲ့ အထောက်အထားတွေ အမြောက်အမြားရှိပါတယ်။ စာသင်ကျောင်းတွေကို အကြမ်းဖက်စခန်းအဖြစ် အသုံးချသလို ပညာရေးနဲ့ပတ်သက်ပြီး အမြောက်အမြားဖျက်ဆီးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ ပညာရေးဆိုင်ရာ စာသင်ကျောင်းတွေ မီးရှို့ဖျက်ဆီးခဲ့မှု ၁၂၃ ကြိမ်၊ ပညာရေးဝန်ထမ်းတွေ ခြိမ်းခြောက်ခံရမှု ၄၄၉ ကြိမ်၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမတွေကို လုပ်ကြံသတ်ဖြတ်တာ ၇၇ ဦး ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်တွေ ပညာရည်မြင့်မားစေဖို့အတွက် အလေးထား ဆောင်ရွက်နေတာကို ပြည်သူအားလုံး သိရှိကြပါတယ်။ အကြမ်းဖက်သမားတွေကသာ ၎င်းတို့ကို မထောက်ခံ၊ အားမပေးတဲ့ ကျေးရွာတွေကို လက်နက်ကြီးတွေ၊ ဒရုန်းဗုံးတွေ၊ ဒရုန်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာ၊ အပြစ်မဲ့ အရပ်သားပြည်သူတွေကို ပြန်ပေးဆွဲတာ၊ ဖမ်းဆီးနှိပ်စက်တာ၊ သတ်ဖြတ်တာတွေ စတဲ့ရက်ရက်စက်စက်ကျူးလွန်နေတဲ့ အနိဋ္ဌာရုံသတင်းတွေကို မကြာခဏကြားသိနေရပါတယ်။ အကြမ်းဖက်သမားတွေဟာ ကျေးရွာတွေမှာ လက်နက်အားကိုးနဲ့ ရွာသူရွာသားတွေကိုအကြောက်တရားကြီးမားလာအောင် ရက်စက်တဲ့လုပ်ရပ်တွေ လုပ်ပြပြီး စည်းရုံးထားကြပါတယ်။

ယခုဖြစ်စဉ်မှာ အကြမ်းဖက်သမားတွေဟာ ၎င်းတို့ရဲ့ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးကွယ်ဖို့၊ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတွေက နိုင်ငံရေးအမြတ်ထုတ်ဖို့နဲ့ ပြည်ဖျက်မီဒီယာတွေက သူတို့ရဲ့ အကျိုးစီးပွားစားပေါက်ထွင်ဖို့အတွက် ကျေးလက်ပြည်သူတွေကို အသုံးချပြီး အဆိပ်သင့်သတင်းတွေအဖြစ် ဖန်တီးကာ ရည်ရွယ်ချက်ရှိရှိ ဇာတ်မနာနာအောင် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ပါကြောင်း သေသေချာချာ လေ့လာကြည့်ရင် တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ။



PDF အမည်ခံ အကြမ်းဖက်သမားများက မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်းအတွင်း စခန်းချကာ လက်နက်/ခဲယမ်း/ဗုံးသီးများ ထုတ်လုပ်ခဲ့မှုကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာစာသင်ကျောင်း၌ မေ ၁၂ ရက်က PDF အမည်ခံ အကြမ်းဖက် သမားများ၏ လက်လုပ်မိုင်းများပေါက်ကွဲမှုကြောင့် စာသင်ကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။ (ထိုဖြစ်စဉ်ကို လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်သည်ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားထုတ်လွှင့်ခဲ့ကြသည်။)

## ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများ ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

---

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

---

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“အသိပေးကြေညာချက်”

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

---

ပညာရေးဝန်ကြီးဌာန

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်”

**ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

---

## ထားဝယ်မြို့နယ်၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ခရိုင်/မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ ကျင်းပ



ထားဝယ် မေ ၁၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းခရိုင်/မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က တက္ကသိုလ်ဝင်တန်းအောင်ချက်နှင့်ပတ်သက်ပြီး ၂၀၂၄ ခုနှစ် တနင်္သာရီ တိုင်းဒေသကြီး အောင်ချက်မှာ ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပြီး ထားဝယ်ခရိုင် အောင်ချက်မှာ ၄၈ ဒသမ ၇၁ ရာခိုင်နှုန်းရရှိခဲ့သဖြင့် ယခုနှစ်တွင် ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း၊ နောင်နှစ်များတွင် အောင်ချက် ပိုမိုတိုးတက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းအဆင့် သင်တန်းသား ၉၅၈ ဦး၊ နည်းပြ ၉၂ ဦး၊ အလယ်တန်းအဆင့် သင်တန်းသား ၁၀၈၁ ဦး၊ နည်းပြ ၂၁၀၊ မူလတန်းအဆင့် သင်တန်းသား ၁၄၈၄ ဦး၊ နည်းပြ ၁၂၅ ဦးတို့က မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဘာသာရပ်အလိုက် အတန်းအလိုက် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

❍ MNL ယူ-၂၁ မှ

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ္ပံအသင်းက Dagon Port အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းသည် နိုင်ပွဲဆက်ခဲ့သော်လည်း Dagon Port အသင်းမှာမူ တတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၃၊ ၃၉ မိနစ်တွင် စောအောင်မျိုးဦး၊ ၈၆ မိနစ်တွင် စစ်ငြိမ်းချမ်းတို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၅ မိနစ်တွင် ဇော်ပိုင်က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ Junior Lions အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ တတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၈၁၊ ၈၅ မိနစ်တွင် သော်ဇင်ကို၊ ၉၀+၁ မိနစ်တွင် ခွန်မောင်လုံးတို့က သွင်းယူသည်။

ပွဲစဉ် (၄) နောက်ဆုံးနေ့ကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

---

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



**နေပြည်တော် မေ ၁၉**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အဆိုပါသင်တန်းဖွင့်ပွဲများသို့ တက်ရောက်လာကြသည့် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြား









ပေးလျက်ရှိသည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်–

(၁)

"အရင်တုန်းကတော့ စိတ်ထဲမှာ စစ်တပ်အကြောင်း သိပ်ပြီးတော့ နားမလည်ဘူး။ အခုစစ်မှုထမ်းဖို့ လာတော့ ဆရာတွေကပြောဆိုပြီး တဲ့အခါကျတော့ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် စိတ်အားထက်သန်လာပါတယ်။ အများအမြင်နဲ့မဆုံးဖြတ်ဘဲ ကိုယ့်ဟာကိုယ် လက်တွေ့ဆုံးဖြတ်ပြီး ဒီနေရာမှာ ကောင်းတယ်ဆိုတာကို သိရပါတယ်။ တချို့ကျတော့ စစ်တပ်ကို မကောင်းဘူးလို့ ထင်ကြပေမယ့် ကိုယ်တိုင်ဝင်ကြည့်မှ သိရပါတယ်။ စဝင်တုန်းကတော့ ကြောက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာ အလွန်ပျော်တယ်။ နေရထိုင်ရတာလည်း ပျော်တယ်။"



(၂)

"ကျွန်တော်ကတော့ ဒီသင်တန်းကနေပြီးတော့ သင်ပေးလိုက်တဲ့ ပညာတွေကို အသုံးချပြီး ဒီပြည်သူလူထုနဲ့ နိုင်ငံတော်ကို ကာကွယ်ပြီးတော့ ကျွန်တော် အသက်ပေးပြီး စောင့်ရှောက်သွားမှာပါ။"

(၃)

"စစ်မှုထမ်းကာလကို ကျွန်တော်တို့အနေနဲ့ နှစ်နှစ်သတ်မှတ်ထားတယ်လို့သိရတယ်။ နှစ်နှစ်အချိန်မှာ ကျွန်တော်တို့ဟာ သင်တန်းကာလ နှစ်လခွဲအပါ။ စုစုပေါင်း နှစ်နှစ်မှာဆိုရင် ကျွန်တော်တို့ ဘာခံယူထားလဲ ဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှုကို သွေးထိုးနှောင့်ယှက်တဲ့ ရန်သူတွေ၊ နောက်ပြီးတော့ ဒီငြိမ်းချမ်းနေတဲ့အရာကိုပဲ ဝင်ပြီးတော့ ဖျက်ဆီးနေတဲ့သူပုန်တွေပေါ့။ အဲ့တာတွေကို ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းကျောင်းကနေ ရလာမယ့်အတွေ့အကြုံ ခွန်အားသစ်တွေနဲ့ တွန်းလှန်ပေးနိုင်မယ်။ နောက်ပြီးတော့ တကယ်လုပ်ရတဲ့ အချိန်မှာလည်း အကောင်းဆုံး လုပ်ဆောင်မယ်လို့ ကတိပေးပါတယ်။"

**သတင်းစဉ်**





# ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာဝယ်

ဒေါက်တာသန်းနိုင်စိုး

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ ကမ္ဘာအနှံ့ ခြေဆန့်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ငါးနှစ်နှင့် သုံးလကျော်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၂၅ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ထားချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ၇၇၇ ဒသမ ၇ သန်းခန့်ရှိခဲ့ပြီး ရောဂါကြောင့်သေဆုံးသူ ၇ ဒသမ ၀၉ သန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားရှိခြင်းကို ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကမူ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ စတင်ရောက်ရှိချိန် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၁၁ ရက်နေ့အထိ ရောဂါဖြစ်ပွားသူ ၆၄၃၂၄၂ ဦးရှိခဲ့ပြီး ရောဂါကြောင့်သေဆုံးသူ ၁၉၄၉၄ ဦး ရှိခဲ့သည်။ မြန်မာနိုင်ငံ၌ လူဦးရေတစ်သန်းတွင် ရောဂါကြောင့် သေဆုံးသူ ၃၈၁ ဦးရှိခဲ့ရာ အာဆီယံ ၁၀ နိုင်ငံတွင် သေဆုံးမှုနှုန်းအနေဖြင့် အမှတ်စဉ် (၈) ရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင် မိမိတို့နှင့်နှိုင်းယှဉ်ပါက ရောဂါကြောင့်သေဆုံးနှုန်းမြင့်မားကြောင်း တွေ့ရသည်။

**အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့**

မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အပါအဝင် ပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်မှာ သမိုင်းတွင်မှတ်တမ်းတင်ရမည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ထိုသို့ ထိရောက်စွာကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်မှုကြောင့် ၁၃-၅-၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူအား နောက်ဆုံးတွေ့ရှိခဲ့ရပြီး ရောဂါဖြင့် ထပ်မံသေဆုံးမှုမရှိခဲ့သည်မှာ နှစ်နှစ်ကျော်အချိန်ကာလ ရှိပြီဖြစ်ပါသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ပုံစံသစ်အနေဖြင့် ယခင်ကနှင့်မတူ နည်းပါးသောဒေသတွင်းကူးစက်မှုများကိုတွေ့လာရပြီး ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားမှုပုံစံ (Epidemic)မှ ဒေသတွင်း အမြစ်တွယ်ကူးစက်မှုပုံစံ (Endemic) အသွင်သို့ ကူးပြောင်းလာသည်ကိုတွေ့ရသည်။ ထိုသို့ကူးစက်မှုပုံစံပြောင်းလာသည်နှင့်အတူ ကမ္ဘာ့နိုင်ငံအများအပြားတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းစနစ်တွင် ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။

ထိုသို့ ဒေသတွင်းအမြစ်တွယ်ကူးစက်မှု (Endemic) ပုံစံသို့ ပြောင်းလဲလာခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုး၏သဘောသဘာဝသည် မကြာခဏမျိုးရိုးဗီဇပြောင်းလဲ၍ ပေါ်ထွက်လာတတ်ခြင်းကြောင့် ရောဂါပိုးမျိုးကွဲများ ဆက်တိုက်ထွက်ပေါ်နေသည်နှင့်အတူ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာမှုကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အထိ တွေ့နေရဆဲဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။




ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇဆင့်ကဲပြောင်းလဲလာပုံ။ (Source: Internet)

လတ်တလောတွင် ကမ္ဘာ့မီဒီယာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများမှ ထုတ်ပြန်ချက်များအရ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့် ဒေသတွင်းနိုင်ငံအချို့တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းကို တွေ့ရှိလာရပါသည်။

**ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု**

အိမ်နီးချင်းထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း သိရသည်။ သို့ရာတွင် ၂၀၂၄ ခုနှစ်တွင် ဇန်နဝါရီလမှ မေလဆန်းအထိ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်သူ ခုနစ်သိန်းကျော်ရှိခဲ့သဖြင့် ယခုနှစ်ဖြစ်ပွားမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသာစွာ လျော့နည်းကြောင်းသိရသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြင့်မားဆုံးကာလမှာ မေလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်းဖြစ်ပြီး ရောဂါဖြစ်ပွားသူ လူနာသစ် ၃၃၀၃၀ ရှိ၍ ဆေးရုံတက်ရောက်သူ ၁၉၁၈ ဦးနှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။ ၎င်း၏ရှေ့ရက်သတ္တပတ်ဖြစ်သည့် ၄-၅-၂၀၂၅ ရက်နေ့မှ ၁၀-၅-၂၀၂၅ ရက်နေ့အတွင်းတွင် ရောဂါဖြစ်ပွားသူ လူနာသစ် ၃၁၁၉၄ ဦးရှိ၍ ဆေးရုံတက်ရောက်သူ ၂၄၉၀ နှင့် သေဆုံးသူ ရှစ်ဦးရှိခဲ့ကြောင်းသိရပြီး အဆိုပါရက်သတ္တနှစ်ပတ်ကို နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားသူဦးရေ ပိုမို၍များပြားလာသော်လည်း ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုလျော့ကျလာသည်ကို တွေ့ရသည်။ ရောဂါကူးစက်မှုမြင့်မားရခြင်းအကြောင်းရင်းအနေဖြင့် ထိုင်းနိုင်ငံတွင် မိုးရာသီကာလစတင်ခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းနှင့် သင်္ကြန်ပွဲတော်ကဲ့သို့ လူစုလူဝေးဖြင့် ခရီးသွားလာမှုများပြားခဲ့သည့် အကြောင်းရင်းများကြောင့်ဟု သိရသည်။ အဓိကကူးစက်ပျံ့နှံ့သည့်ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲမှာ ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်၍မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စု၊ ထိုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလာသည့် XEC မျိုးကွဲသည် အများစုဖြစ်ကြောင်းသိရှိရပြီး ဗန်ကောက်၊ ချွန်ဘူရီနှင့် ရယောင်း စသည့် နေရာများတွင် ကူးစက်မှုနှုန်းမြင့်မား၍ ကလေးများတွင်လည်း ကူးစက်မှုမြင့်မားသည်ဟု သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဗီဇပြောင်းမျိုးကွဲအသစ်များကူးစက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ဆေးရုံများတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက ဆေးရုံများတွင် သံသယလူနာများ သီးခြားထားရှိ ကုသနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ပိုမိုအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အဓိကကျသည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် နီးနွယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအမျိုးအစားရှစ်မျိုးကို အသုံးပြု၍ အသက်ငါးနှစ်နှင့်အထက်ပြည်သူ ၃၆ ဒသမ ၃၆ သန်းကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံနိုင်ခဲ့ပြီး ထပ်ဆောင်းကာကွယ်ဆေး ၂၁ ဒသမ ၂၅ သန်း doses ထိုးနှံပေးနိုင်ခဲ့ပါသည်။

ကိုဗစ် -၁၉ ရောဂါဗိုင်းရပ်စ်ပိုးများ မျိုးရိုးဗီဇပြောင်းသည်နှင့်အတူ ၎င်းမျိုးဗီဇပြောင်းရောဂါပိုးများကို ကာကွယ်နိုင်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မျိုးဆက်သစ်များသည်လည်း စဉ်ဆက်မပြတ်ထွက်ပေါ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer X.B.B. 1.5 အသုံးပြု၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသေးသည့် အသက် (၁၈) နှစ်အထက် ပြည်သူ ၁၁၂၅၂၉ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၄၇၇၅ ဦးအပါအဝင် နောက်ဆုံးအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် တစ်နှစ်အတွင်းရှိသည့် ပြည်သူ ၂၂၈၆၇၂၆ ဦးအား ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့ ❐

❈ **ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ပုံစံသစ်အနေဖြင့် ယခင်ကနှင့်မတူ နည်းပါးသော ဒေသတွင်းကူးစက်မှုများကိုတွေ့လာရပြီး ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားမှုပုံစံ (Epidemic)မှ ဒေသတွင်း အမြစ်တွယ်ကူးစက်မှုပုံစံ (Endemic) အသွင်သို့ ကူးပြောင်းလာသည်ကိုတွေ့ရ**

❈ **လတ်တလောတွင် ကမ္ဘာ့မီဒီယာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများမှ ထုတ်ပြန်ချက်များအရ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့် ဒေသတွင်းနိုင်ငံအချို့တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းကို တွေ့ရှိလာရ**

# မျက်မမြင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများခေါ်ယူ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
(က) လုံးဝမမြင်သူများ
( ခ ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
( ဂ ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ
၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံ (၄) ပုံ၊ ဖွားစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း (အမှတ်- ၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ) သို့လည်းကောင်း၊ စစ်ကိုင်း မျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေ ပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးသွင်းရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း-၀၁-၉၃၁၇၀၇၀၊ ၀၁-၉၃၁၇၃၂၆၊ ၀၉၄၂၀၁၃၈၆၆၀ နှင့် စစ်ကိုင်း မျက်မမြင်ကျောင်း ဖုန်း-၀၇၂-၂၂၂၃၇၊ ၀၉၄၀၂၆၄၅၁၇၃ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နိုင်ငံ့အကျိုးပြု စွမ်းရည်မြင့် လူငယ် IT ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေး အလေးထားဆောင်ရွက်

**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယနေ့ နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ မတ် ၁၄ ရက် ခရီးစဉ်လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မဆောင် အဆောက်အအုံတွင် မွမ်းမံရေးလုပ်ငန်းများ၊ ဘက်စုံသုံးခန်းမနှင့် Theater တို့တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လာမည့် ဇွန် ၂ ရက် ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းများနှင့် ကွန်ပျူတာစက်ခန်းများ၊ စာကြည့်တိုက်၊ K-Lab တို့တွင် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များအတိုင်း တိတိကျကျ လိုက်နာ၍ စနစ်တကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အလုပ်သင်အစီအစဉ် (Internship) ဖြင့် လာရောက်လေ့လာလျက်ရှိကြသော ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံကာ တိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာ အရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အမှန်တကယ် အားထားရသော ကမ္ဘာ့ဒစ်ဂျစ်တယ် ဖွံ့ဖြိုးမှုမျက်နှာစာအထိ ထိုးဖောက်နိုင်သော စွမ်းရည်မြင့် လူငယ် IT ပညာရှင်များဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းသားများအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။





**သတင်းစဉ်**



# လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် တန်ဖိုးနည်းအဝစား ကျပ် ၁၀၀၀ တန် ထမင်းရောင်းချပေး

**လှိုင်သာယာ မေ ၁၉**

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေမန်း လူမှုဘဝမြှင့်တင်ရေး ပရဟိတအဖွဲ့က တန်ဖိုးနည်းအဝစား ကျပ် ၁၀၀၀ တန် ထမင်းရောင်းချပေးခြင်းကို ယမန်နေ့က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း ပဒံရပ်ကွက် သမကုန်း မီးပွိုင့်အနီးတွင် ရောင်းချပေးသည်။

အဆိုပါ ကျပ် ၁၀၀၀ တန် ထမင်းရောင်းချပေးခြင်း အစီအစဉ်ကို ရုံး၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ရက်တွင် အစိုးရဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံ ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအတွက် တစ်နေ့တာ လုပ်အားခမှ အသုံးစရိတ် လျှော့နည်းစေရန် ရည်ရွယ်၍ စေတနာထက်သန်စွာဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

ယင်းသို့ ကျပ် ၁၀၀၀ တန် ထမင်းရောင်းပေးခြင်းကို လှိုင်သာယာမြို့နယ်တွင် ရွှေမန်း လူမှုဘဝမြှင့်တင်ရေး ပရဟိတအဖွဲ့က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ ဆက်)**

❒ စာမျက်နှာ ၁၀ မှ

၂၀၂၅ ခုနှစ် မေလအတွင်းတွင် GAVI support for C 19 Vaccination အစီအစဉ်ဖြင့် ကူးစက်လွယ် အိုမီခရွန်အုပ်စုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စုနှင့် နောက်ဆက်တွဲ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကို ကာကွယ်နိုင်မည့် Pfizer COVID-19 Vaccine JN.1 များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ယခင်ကရှိခဲ့ဖူးသည့် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ လက်ရှိအချိန်တွင် ပေါ်ထွက်လာသည့် ဗိုင်းရပ်စ်အသစ် (Novel Coronavirus) ဖြစ်သည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ၎င်း၏ကူးစက်ပြန့်ပွားလွယ်မှု၊ လျင်မြန်စွာ မျိုးရိုးဗီဇပြောင်းလွယ်မှု၊ လူ၏ကိုယ်ခံအားစနစ်နှင့် မျိုးဆက်ဟောင်းကာကွယ်ဆေးများမှ ပေးအပ်သော ကိုယ်ခံအားကို ရှောင်လွှဲနိုင်မှု စသည့် ဂုဏ်သတ္တိများ ရှိမှုကြောင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် လူသားတို့နှင့် ယှဉ်တွဲနေထိုင်ရမည်မှာ ရှောင်လွှဲခြင်းမပြုနိုင်သည့် ကိစ္စတစ်ရပ်အဖြစ် ထင်ရှားလာခဲ့ပြီဖြစ်ပါသည်။

မိဘပြည်သူများအနေဖြင့် ထိုသို့ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကိုလိုက်နာ၍ ဦးတည်အုပ်စုအလိုက်၊ အသက်အရွယ်အလိုက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်းကို မပျက်မကွက် အထူးဂရုပြု၍ ရယူရမည်ဖြစ်ပါသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူ၊ နာတာရှည်ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျဆင်းနေသူများနှင့် လူနာနှင့် ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကို ခံယူရမည်ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပါအဝင် အခြားသင့်တော်သည့် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကိုလိုက်နာ၍ မပျက်မကွက်ထိုးနှံမှုခံယူသင့်ပါသည်။ ထို့ပြင် စနစ်တကျ လက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ လူစုလူဝေးရှိရာနေရာများနှင့် အလုံပိတ်အခန်းများသို့ သွားရောက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) စနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် အထက်ပါတစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို အထူးလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကိုဗစ် - ၁၉ ရောဂါ ဖြစ်နိုင်ခြေရှိသည်ကို သတိပြုပြီး လူစုလူဝေးရှောင်ကြဉ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) စနစ်တကျတပ်ဆင်ခြင်း၊ စနစ်တကျ လက်ဆေးခြင်းတို့ကို ဆောင်ရွက်ကာ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသ၍ စနစ်တကျစစ်ဆေးကုသမှုကို ခံယူရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးနှင့် ယှဉ်တွဲနေထိုင်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကိုလိုက်နာ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ လိုအပ်သည့်ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းနှင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် မေ့လျော့ခြင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

> **❛ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးနှင့် ယှဉ်တွဲနေထိုင်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကိုလိုက်နာ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်း၊ လိုအပ်သည့်ထပ်ဆောင်းကာကွယ် ဆေးများ ထိုးနှံမှုခံယူခြင်းနှင့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေး အသိ၊ ကျန်းမာရေးသတိဖြင့် မေ့လျော့ခြင်း မရှိဘဲ လိုက်နာဆောင်ရွက်ရန်လိုအပ်❜**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဥစားကြက်မွေးမြူရေးဇုန်နှင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

မကွေး မေ ၁၉

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက် နံနက်ပိုင်းက မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စု တောင်သူ ဦးမျိုးဌေးဦး၏ မြေပဲအထူးအထွက်တိုးစံပြကွက်ကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား ယခုစိုက်ခင်းကဲ့သို့ တစ်ဧကအပင်ဦးရေပြည့်မီရေး၊ တစ်ပင်ပါသီးလုံးများများရရှိစေရေးနှင့် ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး လိုက်နာ ဆောင်ရွက်သွားကြရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူတိုင်းကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကြီးကန်ကျေးရွာအုပ်စု ရွာခွဲလေးရွာမှ တက်ရောက်လာသည့် တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ တက်ရောက်လာသော ဒေသခံတောင်သူများအတွက် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခဲ့သည်။

မကွေးမြို့နယ် မကြီးကန်ကျေးရွာတွင် ဆီထွက်သီးနှံမြေပဲအထူးအထွက်တိုး စံပြကွက်ကို တောင်သူများ လေ့လာနိုင်ရန်အတွက် စိုက်ပျိုးပြသဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် တောင်သူများလေ့လာနိုင်ရန်အတွက် မြေပဲနှင့် နှမ်းကို စံပြကွက် ၃၅ ဧကစီ စိုက်ပျိုးပြသထားခြင်းဖြစ်ပြီး ထွက်ရှိလာသည့် သီးနှံများကို ဒေသတွင်းတောင်သူများအတွက် မျိုးသန့်ပြန့်ပွားရေးအဖြစ် မျိုးများပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးဇုန်နှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်တွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်ရှိသူများက မကွေးမြို့နယ်အတွင်း အသားကဏ္ဍဖူလုံစေရန် ဘေးအန္တရာယ်ဖြစ်စေသည့် အသားငါးများ လျော့နည်းစေရန်အတွက် ရှားပင်လှကျေးရွာအနီး မြေဧက ၄၈ ဒသမ ၀၆ ဧကပေါ်တွင် ဥစားကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းရှင် ၁၂ ဦးက တစ်ဦးလျှင် ဥစားကြက်အကောင်ရေ ၃၀၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လက်ရှိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဧက ၁၅၀ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ညီညာ

# ပျဉ်းမနားမြို့နယ်အတွင်း ငလျင်ဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၁၉

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ရတနာမာန်အောင်ကျောင်းနှင့် မှန်ကျောင်းသို့ ရောက်ရှိရာ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ငလျင်ဘေးသင့်ကျောင်းဆောင်များ ပြန်လည်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။



ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် လဲလူးအိုင်ကျေးရွာ ဦးဝင်းမောင်၏ နွားမွေးမြူရေးခြံမှ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကိုလည်းကောင်း၊ သနပ်ပင်ဆိပ်ကျေးရွာ ဦးကိုလေး ကြက်ခြံမှ အသားတိုးကြက်၊ ဒေသကြက်နှင့် ဝက်မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဇီးဖြူပင်ကျေးရွာရှိ စပါးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်ဆက်)

# ကယားပြည်နယ် လွိုင်ကော်မြို့၌ အခြေခံပညာအဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်

လွိုင်ကော် မေ ၁၉

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အဆင့်မြင့်ပညာ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်၊ စက်မှုလက်မှုသိပ္ပံကျောင်းနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို အမှတ်(၁)၊ အမှတ်(၅)နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များက တက်ရောက်အားပေး ချီးမြှင့်ခဲ့ပြီး သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

အခြေခံပညာအဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းကို သင်တန်းကာလ သုံးရက်တာ သင်ကြားမည်ဖြစ်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမ ၆၈၂ ဦးအတွက် တစ်ဦးလျှင် တစ်ရက် ကျပ် ၃၀၀၀ နှုန်းဖြင့် သုံးရက်စာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သုတ(ပြန်/ဆက်)



## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၁၉

ယနေ့မြန်မာစံတော်ချိန် ၀၁ နာရီ ၄၅ မိနစ် ၂၆ စက္ကန့်တွင် စစ်တွေမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ကျောက်ဖြူမြို့၏ တောင်ဘက် ၂၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၈ ဒီဂရီ၊ အနက် ၂၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်



ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် ရွှေလင်ပန်းကျေးရွာ ရွှေနှင်းဆီလမ်းအတွင်းရှိ ရပ်ကွက်နေပြည်သူ့အိမ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်၊ အိမ်အနီးပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ရှင်းလင်းထားကြရန်၊ ခြင်ပေါက်ပွားမှုမရှိစေရေး သုံးရေ၊ ကန်ရေများတွင် အဘိတ်ဆေးခတ်ခြင်းကို သတ်မှတ်ရက်များအလိုက် ပြုလုပ်ဆောင်ရွက်ကြရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာကြူကြူသင်းက အသိပညာပေး ရှင်းလင်းပြောကြားသည်။ ရွှေလင်ပန်းကျေးရွာရှိ ဒေသန္တရကျန်းမာရေး ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ရွာနေပြည်သူများနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်တို့ ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဂါဇာဒေသတစ်ခုလုံးအား သိမ်းပိုက်ထိန်းချုပ်မည်ဟု အစ္စရေးပြောကြား

**ဂျေရုဆလင် မေ ၁၉**

အစ္စရေးအနေဖြင့် ဂါဇာဒေသတစ်ခုလုံးအား သိမ်းပိုက်ထိန်းချုပ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မေ ၁၉ ရက်တွင် ပြောကြားသည်။

**ပြောကြား**

အစ္စရေးတပ်မတော်သည် မကြာမီက စစ်ဆင်ရေးများ အများအပြားဆောင်ရွက်နေခြင်းနှင့်စပ်လျဉ်း၍ ပြောကြားစဉ် ၎င်းက အထက်ပါအတိုင်း ဖြည့်စွက်ပြောကြားခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်သည် ဂါဇာဒေသတစ်ခုလုံးအား ထိန်းချုပ်သိမ်းပိုက်ရေးကို ဆောင်ရွက်မည်ဖြစ်ပြီး ဒေသတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အကန့်အသတ်ဖြင့် အချိန်ကာလ အတိုင်းအတာတစ်ခုသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သော်လည်း မည်သည့်အချိန်တွင် ဂါဇာဒေသအတွင်းသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ခွင့်ပြုမည်ဆိုသည့်အချက်ကို ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသအတွင်း၌ အစားအသောက်၊ ဆေးဝါးနှင့်လောင်စာများ ဝင်ရောက်ခွင့် ပိတ်ပင်ထားခြင်းကြောင့် အငတ်ဘေးဆိုက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လာမည့်ရက်များတွင် စတင်မည့် အစားအသောက်နှင့် ဆေးဝါးဖြန့်ဖြူးမည့်အစီအစဉ်ကို အစ္စရေးတပ်မတော်တပ်ဖွဲ့များ ထိန်းချုပ်ရာနေရာများတွင် အမေရိကန်ကုမ္ပဏီများ၏ စီစဉ်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း နေတန်ယာဟုကပြောကြားသည်။ အစ္စရေးတပ်မတော်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဟားမတ်စ်အဖွဲ့အား ချေမှုန်းရန်နှင့် ဓားစာခံများ ပြန်လည် လွတ်မြောက်ရေးအတွက် Gideon's Chariots အမည်ရှိ စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်။

ဂါဇာဒေသတွင် အစ္စရေးတပ်မတော်က မြေပြင်စစ်ဆင်ရေးများ ဆောင်ရွက်နေခြင်းကို တူကီယဲနိုင်ငံကရှုတ်ချခဲ့ပြီး ထိုးစစ်ကို ချက်ချင်းရပ်ရန်နှင့် ၎င်းဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လျင်မြန်စွာ ပေးပို့ရန် တောင်းဆိုခဲ့သည်။



"စေ့စပ်ညှိနှိုင်းမှုတွေ လုပ်နေတဲ့အချိန်မှာ ဂါဇာကမ်းမြောင်ဒေသမှာ အစ္စရေးက ပြုလုပ်တဲ့ မြေပြင်စစ်ဆင်ရေးဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးရရှိဖို့ ကြိုးပမ်းမှုအားလုံးကို ပျက်ပြားစေခဲ့ပါတယ်။ ဒီဆောင်ရွက်ချက်ကို ကြည့်ခြင်းအားဖြင့် အစ္စရေးဟာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရရှိဖို့ ရည်ရွယ်ချက်မရှိကြောင်း ပြသနေသည်ဟု တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါပိုးမျိုးကွဲဖြစ်သည့် အိုမီခရွန် XEC အမျိုးအစား ကူးစက်ပျံ့နှံ့မှုများပြားလာ

**ဗန်ကောက် မေ ၁၉**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ မျိုးကွဲဖြစ်သည့် အိုမီခရွန် XEC အမျိုးအစား ကူးစက်ပျံ့နှံ့မှုများပြားလာသဖြင့် ရောဂါစောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်နေကြောင်း ယနေ့ဗွီအင်န်အိတ်ပရတ်စ် သတင်းဌာန သတင်းအရ သိရသည်။

**ရောဂါကူးစက်မှုများ ဆက်လက်မြင့်တက်**

ဇန်နဝါရီ ၁ ရက်မှ မေ ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁ဝ၆၇ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၁၉ ဦးရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ကိုဗစ် -၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်စင်တာ၏ ပြောကြားချက်အရ သိရသည်။ နိုင်ငံအတွင်း ဆုန်ခရန် ပွဲတော်ကျင်းပခဲ့ပြီးနောက် ကိုဗစ် -၁၉ ရောဂါကူးစက်မှုများ ဆက်လက်မြင့်တက်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်းကစတင်၍ အိုမီခရွန် XEC ကူးစက်မှုများကို တွေ့ရှိရသဖြင့် နိုင်ငံသားများအား မကြာခဏ လက်ဆေးရန်နှင့် လူစုလူဝေးနေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

အိုမီခရွန် XEC အမျိုးအစားသည် အိုမီခရွန် ဗိုင်းရပ်စ်နှစ်ခုဖြစ်သည့် KS.1.1 (FLiRT) နှင့် KP.3.3 (FLuQE) တို့ပေါင်းစပ်ထားခြင်းဖြစ်ကာ ကူးစက်မှုမြန်ဆန်ပြီး လက်ရှိအချိန်တွင် ဥရောပ၊ မြောက်အမေရိကနှင့် အာရှဒေသတို့ရှိ နိုင်ငံ ၁၅ ခုတွင် ကူးစက်မှုများကို တွေ့ရှိနေရသည်။

**ကိုးကား-ဗွီ အင်န်အိတ်ပရတ်စ်**
**ဘာသာပြန်-စိုးသူရ**

# ယူရေနီယံသန့်စင်သည့်လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်မည်မဟုတ်ဟု အီရန်ပြောကြား

**တီဟီရန် မေ ၁၉**

အီရန်နိုင်ငံ၏ ယူရေနီယံ သတ္တုသန့်စင်သည့် လုပ်ငန်းများဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်မည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါအီက မေ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံအား ယူရေနီယံ သတ္တုသန့်စင်သည့် လုပ်ငန်းများ ဆောင်ရွက်ခွင့်မပြုကြောင်း ယမန်နေ့က အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတိဗ်ဝတ်ကော့ဖ်၏ပြောကြားချက်ကို ၎င်းက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။ အီရန်အနေဖြင့် ယူရေနီယံသတ္တုသန့်စင်သည့် လုပ်ငန်းဆောင်ရွက်ရာတွင် မည်သည့်နိုင်ငံထံတွင်မှ ခွင့်ပြုချက်တောင်းရန် မလိုဘဲ အမေရိကန်အနေဖြင့်လည်း ကန့်သတ်ခွင့်မရှိကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်အနေဖြင့် နျူကလီးယားဆွေးနွေးပွဲအတွင်း အီရန်အား စာဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သည်ဆိုသည့် အချက်ကိုလည်း ၎င်းက ငြင်းဆိုခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် အီရန်၏ နျူကလီးယားဆိုင်ရာ အခွင့်အရေးများအား လေးစားလိုက်နာသည်ဆိုပါက အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရန်ရှိသည်ဟု မကြာသေးမီက တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်နှင့်ဆွေးနွေးစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ အီရန်၏ အပြုသဘောဆောင်သည့် ရပ်တည်ချက်ကို ကြိုဆိုကြောင်းနှင့် လိုအပ်သည့် အကူအညီများကို ပေးအပ်မည်ဟု ဟာကန်ဖီဒန်က ပြောကြားသည်။

**ကိုးကား -ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား အစ္စတန်ဘူလ် ဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ ဆွေးနွေးမည်

**မော်စကို မေ ၁၉**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား မကြာမီကျင်းပမည့် ဖုန်းဖြင့် ဆွေးနွေးမည့်အစီအစဉ်တွင် မကြာမီက အစ္စတန်ဘူလ် ဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပတ်စ်ကော့ဗ်က ပြောကြားသည်။

ယခုပြုလုပ်မည့်ဆွေးနွေးပွဲသည် အရေးကြီးကြောင်းနှင့် အစ္စတန်ဘူလ် ဆွေးနွေးပွဲ၏ ရလဒ်များကို အခြေခံကာ အခြေခံအချက်များကို ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များကိုလည်း ထုတ်ပြန်ကြေညာမည်ဟု ၎င်းက ပြောကြားသည်။

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မေ ၁၆ ရက်က ရုရှားနှင့် ယူကရိန်းအကြား ဆွေးနွေးပွဲကျင်းပရာတွင် အကျဉ်းသားများ အပြန်အလှန်လဲလှယ်ရန်နှင့် အနာဂတ်တွင် ဖြစ်တည်လာမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ နှစ်နိုင်ငံစလုံးမှ အမြင်များတင်ပြရန် အပါအဝင် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ဆက်လက်ဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ လက်ထောက် ဗလာဒီမာ မီဒင်စကီးက ပြောကြားသည်။

**ကိုးကား -တက်စ်သတင်းဌာန**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ဟန်နွိုင်း မေ ၁၉**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဗာကန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ရေကြီးရေလျှံမှုဖြစ်ပွားစဉ်အတွင်း နှစ်ဦးသေဆုံးပြီး ကျန်သေဆုံးသူနှစ်ဦးမှာ ရေကြီးရေလျှံမှုများကြောင့် မြေပြိုစဉ် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် ကောက်ပဲသီးနှံကဟက်တာရာပေါင်းများစွာ ပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ၎င်းသဘာဝဘေးများထပ်မံဖြစ်ပွားနိုင်သဖြင့် သတိပြုနေထိုင်ကြရေးအတွက် တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် မုတ်သုံရာသီဥတုတွင် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# မရမ်းကုန်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

မရမ်းကုန်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် နှင်းဆီလမ်းနေ တင်အောင်မြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) သုည ဒသမ ၀၆ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၁၂၀) တို့ကိုလည်းကောင်း၊ အလားတူ မေ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု လွယ်စတုံ(အောက်) ကျေးရွာနေ တူးတူး(ခ)အားတူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၁၂၆ သိန်း)ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



တူးတူး(ခ)အားတူး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၈၉၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၉၅၂၉၅၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၇ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၈၂၂၁၀)ကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Malaysia Airlines လေယာဉ်ခရီးစဉ်အမှတ် MH-740/ SF-4762 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၃၄၂၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်တွင် ဘုရားကြီးမြို့ ဘောနတ်ကြီးကျေးရွာအနီး၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၁၉ ရက်တွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၄၈၄ တန်၊ အခြားသစ် ၇ ဒသမ ၄၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၇၃၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၁၅၇၃၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ မေ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အောင်သာယာရပ်ကွက်၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၇၆၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၁၃၉၇၁၂ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၅၀၉၆၃၉၇၁၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် ပေါက်တောမြို့နယ် အငူမော်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၀၉၂၆၁၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများက တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၅-၂၀၂၅ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ပုသိမ်မြို့မှကြိုဆိုပါ၏
၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'လိင်ဖျော်ရောင်ဇိုက်ကွင်းကြီးဆီ'
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၂)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၃၀)
၁၅:၃၀ Weekly MNL Review
၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၃၅ လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် 'လှရက်ရွှန်းစို ပူတာအို'
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တေးဖွဲ့' (အပိုင်း-၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှစွမ်းကောင်းများခေတ်' (အပိုင်း-၂၃)
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အမြင့်ပျံငှက်'

### mitv

07:02 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 Shwezigon Pagoda
07:38 Ocularist
08:26 Topics Potpourri; Innovative Floating Rehab Barge for Vulnerable Sea Turtles
08:32 Commercial Farming to GDP Growth, Water-Spinach Grower
08:52 Tastes of Home Land: Steamed Lobster
09:01 Ramayana Classic Talk & Discussion (Episode-1)
09:27 The Caves
09:43 Bo Cho Island, Makyonegalet

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက(ကရင်)
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'ဘဝတန်ဖိုး' (အပိုင်း-၃)
၀၇:၄၅ စတီရီယိုတေးများ
၀၈:၁၀ K POP Music Gallery (အပိုင်း-၁၇)
၀၈:၂၅ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'ဘိန်းစားဘသော်'
၀၉:၂၀ ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၅)
၁၀:၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ခွဲမသွားနဲ့အချစ်ဆုံးရယ်'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဝံတွင်းမြိုင်စေပွဲကယားရိုးရာအစားအစာ

**ဝကော်ကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ထူးဆန်းပွေရှာဝလေ့ရိုးရာ (ကရင့်ရိုးရာတူရိယာများအကြောင်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရောဝတီရဲ့အရှိန်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စားလို့ကောင်းတဲ့သပြေသီးတာလပေါ်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဟင်းသီးဟင်းရွက်အခေါ်အဝေါ်များ(အပိုင်း-၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အပန်းဖြေကြမည့်သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လှမ်းခဲ့ပါလေရခိုင်မြေ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
အာလူးဟင်းချက်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်တာမခက်'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၅)

### MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ စားရေရိက္ခာဖူလုံဖို့ ပိုမိုကြိုးစားထုတ်လုပ်စို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Agriculture in India
၁၈:၄၅ Refreshing Taste of Mushrooms with Red Cap and White Stem
၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ ရွှေခေတ်ရောက်ခဲ့သည့်ပြေးခုန်ပစ်အားကစား
၁၇:၀၀ အားကစားသတင်း
၂၂:၀၀ FIFA MFF U-19 Youth League (Week-7) (JV Vs Geranations)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၄:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန္ဓာနိုင်ငံသား ၂၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ယူဂန္ဓာနိုင်ငံသား ၂၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဓာသမ္မတနိုင်ငံသံရုံး Ambassador H.E. Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၃၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်



အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ အဏ္ဏဝါအမှိုက်သရိုက် စစ်တမ်းကောက်ယူ

**ထားဝယ် မေ ၁၉**

ပင်လယ်ကမ်းရိုးတန်းရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်း ကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်အား



အသုံးပြု၍ အဏ္ဏဝါအမှိုက်သရိုက် စစ်တမ်းကောက်ယူခြင်းကို မေ ၁၈ ရက်က ပထမအကြိမ် ထားဝယ်မြစ် ကမ်းနားလမ်းဘေးရှိ ပြည်သူ့အပန်းဖြေရင်ပြင်နှင့် ထားဝယ်မြစ် ဒီရေကျချိန်တွင် ဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်**

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်း ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုအဖြစ် ပြည်သူ့အပန်းဖြေရင်ပြင်နှင့် ထားဝယ်မြစ်နံဘေး ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး အမှိုက်ကောက် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ပူးပေါင်းအဖွဲ့များက အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကိုအသုံးပြု၍ အမှိုက်ကြီး ၃၅ အုပ်စု၊ အမှိုက်သေး ရှစ်အုပ်စုတို့ကို ခွဲခြားကောက်ယူခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ခါးပြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသော ခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာထောက်ခံမှု ရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းတုန်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်

**မင်းတုန်း မေ ၁၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပိုးလောက်လမ်းမှတစ်ဆင့် ခြင်များ မပေါက်ပွားစေရေး ရေအိုး၊ ရေကန်များ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ မိဘပြည်သူများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

## ဥတ္တရသီရိမြို့နယ်၌ စခန်းသွင်းသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံအားပေး

**ဥတ္တရသီရိ မေ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး ဆရာ ဆရာမများ၏ သင်ကြားမှုများကို စနစ်တကျလေ့လာကျက်မှတ်ရေး၊ စိတ်ဓာတ်တက်ကြွစွာဖြင့် အမှတ်ကောင်းရရှိအောင် ကြိုးစားဆောင်ရွက်ရေး၊ ကျန်းမာရေးဂရုစိုက်နေထိုင်ရေးစသည်တို့ကို ပြောကြားခဲ့ပြီး ခေါက်ဆွဲခြောက်၊ အချိုရည်၊ မုန့်မျိုးစုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာ ပစ္စည်းများကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက မုန့်နှင့် အချိုရည်ဘူးများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ "၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့် အစီအစဉ်" အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေမှသာ **(ယခင်ကြွေးကျန်ကင်းရှင်းမှသာ)** ချေးငွေအသစ် ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကထုတ်ချေးသော ဖွံ့ဖြိုးရေးချေးငွေ နှစ်တို၊ နှစ်ရှည်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေအရင်း၊ အတိုးများပါ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ ၁၉ - ၅ - ၂၀၂၅ ရက်နေ့မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ၅% ဖြင့် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန် ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်



## မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ကျုံပျော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းက စတင်ထုတ်ချေးရာ ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာတို့က တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးစရိတ်ချေးငွေကို သွင်းအားစုလုပ်ငန်းများတွင် စနစ်တကျအသုံးပြုရန် အမှာစကားပြောကြားပြီး ကျီးအိုင်ကျေးရွာအုပ်စုမှ တောင်သူ ၁၂၄ ဦး၏ စိုက်ပျိုးဧက ၆၉၂ ဧကသို့ တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၁၀၃၈ သိန်း စတင်ထုတ်ချေးခဲ့သည်။

ကျုံပျော်မြို့နယ်တွင် ကျေးရွာအုပ်စု ၉၇ အုပ်စုရှိ စိုက်ဧက ၈၃၁၅၄ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးရန် လျာထားပြီး မေ ၁၉ ရက်မှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အချိန်စေ့လွှန်ကြွေးကျန်များနှင့် အချိန်စေ့ကြွေးများအားလုံး ပြေကျေသူများကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ချေးငွေရာနှုန်းပြည့်ပြေကျေသော ကျေးရွာအုပ်စုများကို ဦးစားပေး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ရေကြည် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ယနေ့နံနက်ပိုင်းက မိုးစပါးစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ရေကြည်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန် တောင်သူပေါင်း ၆၄၄၅ ဦး၊ စိုက်ပျိုးမည့်ဧက ၄၅၄၇၀၊ ချေးငွေကျပ် ၆၈၂၀၅ သိန်းကို လျာထားလျက်ရှိပြီး ယနေ့တွင် တောင်လယ်ကျေးရွာအုပ်စု၌ တောင်သူ ၂၈ ဦး၊ စိုက်ဧက ၁၉၅ ဧက၊ ငွေကျပ် ၂၉၂၅၀၀၀၀ ကို စတင်ထုတ်ချေးပေးခဲ့သည်။

ရေကြည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၈၁ အုပ်စုရှိရာ တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် မေ ၁၉ ရက်မှ စတင်၍ စက်တင်ဘာလကုန်အထိ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သုံးခွမြို့နယ်၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား ၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ယမန်နှစ်က ချေးငွေပြေကျေသူများအား စတင် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။




ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက ၂၀၂၅ မိုးစပါး ချေးငွေမူဝါဒ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး လင်းမောင်သက်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေတို့က မှိုကုန်းသာကျေးရွာ၊ ဟေမဇလာကျေးရွာတို့မှ တောင်သူများအား ချေးငွေ စတင်ထုတ်ချေးပေးကြောင်း သိရသည်။ ယနေ့ မှိုကုန်းသာကျေးရွာ၊ ဟေမဇလာတို့မှ တောင်သူ ၁၀၇ ဦး၊ ဧက ၉၀၆ ဧကအတွက် ထုတ်ချေးငွေကျပ် ၁၃၅၉ သိန်း ဖြစ်ကြောင်း သိရပြီး ၂၀၂၅ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို မြို့မနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူများအား တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူ ၃၅၀၀၊ စိုက်ဧက ၃၀၅၀၀ အတွက် ချေးငွေကျပ် သိန်း ၄၅၇၅၀ ထုတ်ချေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဝင်းလှိုင်ထံမှ သိရသည်။

**ကိုကျော် (သုံးခွ)**

## ဒိုက်ဦးမြို့၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ဒိုက်ဦး မေ ၁၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် မိုး(စပါး) စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးနေလင်းက တောင်သူများအား ချေးငွေစည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဒိုက်ဦးမြို့နယ် ဘဏ်ခွဲအနေဖြင့် ယနေ့ ကျေးရွာအုပ်စု တစ်အုပ်စု ဧက ၃၄၀ အတွက် ငွေကျပ်သိန်း ၅၁၀ ထုတ်ချေးပေးခဲ့သည်။

ထို့နောက် မန်နေဂျာက တောင်သူတစ်ဦးအား ချေးငွေပေးအပ်ခြင်း အခမ်းအနားပြုလုပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ကျော်ကျော်(ပြန်/ဆက်)



## သာပေါင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

သာပေါင်း မေ ၁၉

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ စိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူများအား နှစ်စဉ် ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်ပိုင်းက စတင်ထုတ်ချေးပေးသည်။



### ရှင်းလင်းမှာကြား

သာပေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးဇင်မင်းသိုက်က ချေးငွေထုတ်ချေးခြင်းနှင့် ပတ်သက်ပြီး လိုက်နာရမည့် စည်းကမ်းချက်များ၊ စိုက်ပျိုးစရိတ် ချေးငွေစာချုပ်ပါ အချက်ရှစ်ချက်ကို အကျယ်တဝင့် ရှင်းလင်းပြီး တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်း တစ်နှစ် ၅ ရာခိုင်နှုန်းအတိုးဖြင့် ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း၊ ချေးငွေများ ထုတ်ချေးပေးရာတွင် ယခင်နှစ် ချေးငွေများ အချိန်မီ ပြန်လည် ပေးဆပ်ပြီးသည့် တောင်သူများအား ဦးစားပေး ထုတ်ချေးပေးလျက် ရှိကြောင်းနှင့် စိုက်ပျိုးစရိတ် ချေးငွေများကို အကျိုးရှိစွာ သုံးစွဲစေရေးတို့ကို ရှင်းလင်း မှာကြားခဲ့ကာ သစ်ပုတ်ကုန်း ကျေးရွာအုပ်စုရှိ တောင်သူ ၁၂၀ ၏ စိုက်ပျိုးဧက ၉၈၇ ဧကအတွက် ချေးငွေကျပ် ၁၄၈၀၅၀၀၀၀ ကို တောင်သူများလက်ဝယ်သို့ ထုတ်ချေးပေးခဲ့သည်။

### ဆက်လက်ထုတ်ချေးပေး

မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကို မေလမှ စက်တင်ဘာလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့်လည်း ကြွေးကျန်များ ပေးဆပ်ပြီးပါက ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ တောင်သူ ၅၆၃၀၉ ဦးတို့၏ လယ်ယာမြေ ၃၆၃၄၄ ဧကကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ငွေချေးရန် လျာထားကြောင်းတို့ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးဇင်မင်းသိုက်ထံမှ သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# နိုင်ငံ့ဂုဏ်၊ မိမိရဲ့ကျောင်းဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ အနာဂတ်ရည်မှန်းချက်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက်အကျိုးပြုနိုင်မယ့်သူတစ်ဦးဖြစ်ချင်ပါတယ်

**မောင်ထက်ဦးလွင်**

The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲသည် စက်မှုလုပ်ဖော်ကိုင်ဖက်များနှင့်ပူးပေါင်းကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကျောင်းသားလူငယ်များအား လက်ရှိဇီဝဗေဒနှင့် ဇီဝနည်းပညာဆိုင်ရာ ပြဿနာများကို လေ့လာရန်နှင့် ဖြေရှင်းရန်အတွက်ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ မေ ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် အထက-၁(ဒဂုံ)မှ ကျောင်းသား ကျောင်းသူများ သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ တစ်ဦးချင်းအလိုက်တတိယဆုများရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာဂုဏ်ယူစကားသံများမှာ-

**မောင်ထက်ဦးလွင်(Grade–10) အထက(၁) ဒဂုံ**

ကျွန်တော်ကတော့ အထက(၁) ဒဂုံမှ Grade–10 ကျောင်းသား မောင်ထက်ဦးလွင် ဖြစ်ပါတယ်။ ဒီပြိုင်ပွဲရဲ့ခေါင်းစဉ်က The Open International Biology Olympic (OIBO)ဖြစ်ပြီး ပြိုင်ပွဲမှာ ၂၁ ရာစုအတွင်း ကြုံတွေ့နေရတဲ့ ဇီဝဗေဒဆိုင်ရာစိန်ခေါ်မှု၊ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လူငယ်တွေကို စုစည်းပြီး ပြိုင်ပွဲတစ်ခုအနေနဲ့ ကျင်းပတာ ဖြစ်ပါတယ်။ ရုရှားအိုလံပစ်ပြိုင်ပွဲမှာဆိုရင် သူတို့အနေနဲ့ အပိုင်း သုံးပိုင်းခွဲခြားထားပါတယ်။ သတ္တဗေဒ၊ ရုက္ခဗေဒ၊ လက်တွေအပိုင်းမှာ Calculation၊ Theory Round ဆိုပြီး အပိုင်းနှစ်ပိုင်းခွဲထားပါတယ်။ Practical Round မှာဆိုရင် အပင်တွေ၊ သတ္တဝါတွေရဲ့ အစိတ်အပိုင်းတွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာရပြီး လေ့လာချက်မှာ တွေ့ရှိရတဲ့ စမ်းသပ်ချက်တွေကို မှတ်တမ်းပြုခဲ့ရပါတယ်။ သီအိုရီအပိုင်းဆိုရင် သူတို့ပေးထားတဲ့ ဇီဝဗေဒဆိုင်ရာပုစ္ဆာတွေကို ဘယ်လိုဖြေရှင်းတွက်ချက်မလဲ ဆိုတာတွေကို မေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ စေ့စပ်သေချာစွာ ဖြေဆိုခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆိုင်ရာ တတိယဆုကို ရရှိခဲ့ပါတယ်။ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူပေါင်း ၄၀၀ ကျော် ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဂုဏ်၊ မိမိရဲ့ကျောင်းဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ အနာဂတ် ရည်မှန်းချက်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အကျိုးပြုနိုင်မယ့်သူတစ်ဦး ဖြစ်ချင်ပါတယ်။

**မရွှန်းလဲ့ဝတီကျော်(Grade–9) အထက(၁)ဒဂုံ**

ကျွန်မကတော့ အထက(၁) ဒဂုံမှ Grade – 9 အောင်မြင်ပြီးတဲ့ ကျောင်းသူ မရွှန်းလဲ့ဝတီကျော် ဖြစ်ပါတယ်။ ပြိုင်ပွဲဝင် ၁၅ နိုင်ငံမှာ သီအိုရီအပိုင်း၊ လက်တွေ့အပိုင်းနဲ့ Project Round အပိုင်းသုံးပိုင်းနဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ ပြိုင်ပွဲဝင် ၇၅ ဦးထဲမှာ သမီးက တတိယဆုရရှိခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်ရတာ အလွန်ဝမ်းသာပါတယ်။ တခြားနိုင်ငံက ပြိုင်ပွဲဝင်တွေနဲ့ မိတ်ဆွေဖြစ်ခွင့်ရခဲ့တဲ့အပြင် သမီးတို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပြိုင်ပွဲကို သမီးယှဉ်ပြိုင်ခွင့်ရတာ အလွန် ဂုဏ်ယူပါတယ်။ အခုလို နိုင်ငံ့ဂုဏ်ဆောင်ပြီးတော့ ပထမဦးဆုံး သွားရောက်ယှဉ်ပြိုင်ရာမှာ တတိယဆုရခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ တခြားနိုင်ငံတကာပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားပါမယ်။



မောင်ထက်ဦးလွင်



မရွှန်းလဲ့ဝတီကျော်



မောင်ညာဏ်ရှိန်



ဒေါ်နှင်းဝတ်ရည်

**မောင်ညာဏ်ရှိန်(Grade–10) အထက(၁)ဒဂုံ**

ကျွန်တော်ကတော့ အထက(၁) ဒဂုံမှာ ပညာသင်ကြားနေတဲ့ Grade–10 ကျောင်းသား မောင်ညာဏ်ရှိန် ဖြစ်ပါတယ်။ The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲမှာ Theory Round၊ Practical Round နဲ့ Project Round ဆိုပြီးတော့ သုံးပိုင်း ယှဉ်ပြိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြိုးစားပြီး မေးသမျှ မေးခွန်းတွေကို ကိုယ်တတ်နိုင်သမျှ အားသွန်ခွန်စိုက် ကြိုးစားဖြေဆိုခဲ့လို့ အခုလို တတိယဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါတယ်။ ဆုရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုဆုရရှိအောင်ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာ ဆရာမ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်နှင်းဝတ်ရည် အထက်တန်းပြဆရာမ အထက(၁)ဒဂုံ**

ကျွန်မကတော့ အထက(၁) ဒဂုံမှ အထက်တန်းပြဆရာမ ဒေါ်နှင်းဝတ်ရည် ဖြစ်ပါတယ်။ The Open International Biology Olympic(OIBO) 2025 ပြိုင်ပွဲကို အဖွဲ့ခေါင်းဆောင်အနေနဲ့ ဦးဆောင်ပြီး ရုရှားကိုသွားရောက်ခဲ့ပါတယ်။ အခု ကျွန်မတို့ ပြိုင်ပွဲကြီးကိုသတ္တဗေဒအထူးပြုဘာသာရပ်ခွဲတွေအနေနဲ့ မသွားခင်ကတည်းက Theory အပိုင်းမှာပဲဖြစ်ဖြစ်၊ Practical အပိုင်းမှာဖြစ်ဖြစ် အများကြီးလေ့ကျင့်ပြင်ဆင်သွားခဲ့ပါတယ်။ ပြင်ဆင်သွားခဲ့တဲ့အတိုင်းလည်း အကျိုးရှိရှိ ပြန်ပြီးအသုံးချနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲကတော့ မေ ၁၀ ရက်ကနေ ၁၇ ရက်အထိ ဖြစ်ပါတယ်။ ပြိုင်ပွဲကာလအတွင်း လက်တွေ့အပိုင်းမှာ နှစ်ကြိမ်၊ သီအိုရီပိုင်းမှာ တစ်ကြိမ် ပြိုင်ခဲ့ရပါတယ်။ ကျွန်မတို့ကြိုတင်ပြင်ဆင်လေ့ကျင့်သွားတဲ့အတိုင်းပဲ ရုက္ခဗေဒနဲ့ သတ္တဗေဒ အပိုင်းမှာပဲဖြစ်ဖြစ် ကျွန်မတို့ ကလေးတွေဟာ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကျွန်မတို့ ပြိုင်ပွဲဝင်ခြောက်ဦးအနက် ကျောင်းသားနှစ်ဦးနဲ့ ကျောင်းသူ တစ်ဦးက တတိယဆုရရှိခဲ့ပါတယ်။ ကျွန်မတို့ကလေးတွေအနေနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီးတော့ ဘာသာရပ်ဆိုင်ရာမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စွမ်းစွမ်းတမံ ကြိုးစားယှဉ်ပြိုင်နိုင်ခဲ့တာကို ဝမ်းသာဂုဏ်ယူမိပါတယ်။

**သတင်းစဉ်**

## စာရေးသူ Hla Min (Ex-Col) ရေးသားသော "The Way I See It : Myanmar And Its Evolving Global Role (1988-2025)" စာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးသူ Hla Min (Ex–Col) ရေးသားသော "The Way I See It : Myanmar And Its Evolving Global Role (1988–2025)" စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဤစာအုပ်ကို စာရေးသူက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး ၂၀၂၅ ခုနှစ်တွင် (၃၁)ကြိမ်မြောက် ပြင်ဆင်၊ ဖြည့်စွက် ထုတ်ဝေထားခြင်းဖြစ်သည်။ စာအုပ်တွင် အခန်းပေါင်း ၄၇ ခန်း ပါဝင်ပြီး မြန်မာနိုင်ငံ၏ ပထဝီ အနေအထား၊ လူမျိုးနှင့် ဘာသာရေးမှ အစပြု၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယနေ့ကာလတွင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ထိုအခြေအနေများအပေါ် စာရေးသူ၏ အမြင်များကို ထည့်သွင်းဖော်ပြထားသည့် စာအုပ်ဖြစ်သည်။




နိုင်ငံကို "မြန်မာနိုင်ငံ"ဟု တရားဝင်အသိအမှတ်ပြု ခေါ်ဆိုနိုင်ရန်အတွက် ခိုင်လုံသည့် အချက်အလက်များ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများ၊ အမျိုးသားရေးပြဿနာတစ်ခု ဖြစ်နေသော လူကုန်ကူးမှုတိုက်ဖျက်ခြင်းများ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းများ၊ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ပြဿနာများ၊ မြန်မာ့အနောက်ဘက်နယ်စပ်မှ တရားမဝင်ရောက်လာသော ဘင်္ဂါလီများနှင့်ရခိုင်လူမျိုးတို့အကြား ပဋိပက္ခများနှင့် တင်းမာမှုများ၊ "ရိုဟင်ဂျာ" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်အစစ်အမှန်၊ ရိုဟင်ဂျာပြဿနာသည် လူမျိုးစုအရေးလား၊ ပထဝီနိုင်ငံရေး ကစားကွက်လား၊ တရားမဝင်ဝင်ရောက်လာသူများကို နိုင်ငံသား(သို့မဟုတ်) တိုင်းရင်းသားအဆင့် အသိအမှတ်ပြုပေးရန် မြန်မာနိုင်ငံကို ဖိအားပေးခြင်း၊ ပြဿနာကို US နှင့် UK တို့က ၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက်အတွက် အမြတ်ထုတ်နေခြင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်နေသော ပဋိပက္ခများ နောက်ကွယ်တွင် မည်သူရှိနေသနည်း စသည့် အကြောင်းရပ်များကို ဖြစ်ရပ်မှန်များ၊ ခိုင်လုံသည့် အချက်အလက်များဖြင့် ရေးသားထားသည်။

ယနေ့ နိုင်ငံသားများနှင့် လူငယ်များ သိရှိထားသင့်သည့် ဖြစ်ရပ်မှန်များပါဝင်ပြီး မြန်မာနိုင်ငံတွင် လက်ရှိတိုးတက်ဖြစ်ပေါ်နေမှုများနှင့် ရင်ဆိုင်နေရသည့် ပြဿနာများကို မတူညီသောရှုထောင့်မှ စာဖတ်သူအနေဖြင့် ရှုမြင်နိုင်ပြီး ပကတိအတိုင်း အရှိတရားများကို လွတ်လပ်စွာ ကိုယ်တိုင်အကဲဖြတ်နိုင်ကာ၊ ပြည်တွင်းပြည်ပမှ လိုရာဆွဲရေးသားပြောဆို လွှမ်းမိုးမှုကို ကျော်လွှားနိုင်ရန် စာရေးသူက ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။

မြန်မာ့နိုင်ငံရေးကို လေ့လာလိုသူများ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် နိုင်ငံရေးစာပေကို ဖတ်ရှုလိုသူ လူငယ် စာဖတ်ပရိသတ်များအတွက် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ စာအုပ်တွင် စာမျက်နှာ ၂၁၇ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ရန်ကုန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့၌ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ ကျင်းပ

ပခုက္ကူ မေ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ For Life ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက အင်္ဂလိပ်စကားပြော(အခမဲ့)သင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့ For Life ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေမာစာရက အင်္ဂလိပ်စကားပြောသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းသား သင်တန်းသူများ ဆက်လက်လေ့ကျင့်ဆည်းပူးရမည့် အင်္ဂလိပ်စာဘာသာရပ်များ၊ လက်တွေ့အသုံးချနိုင်ရေး ဆောင်ရွက်ရမည့်အကြောင်းတို့ကို ဩဝါဒစကား မိန့်ကြားသည်။

ထို့နောက် Junior Reading, Basic Level, Intermediate level, Senior Reading စသည့် သင်တန်းများအလိုက် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆရာတော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၉၀ တက်ရောက်ခဲ့ပြီး မတ် ၁၀ ရက်မှ မေ ၁၈ ရက်အထိ အင်္ဂလိပ်စာ ဘာသာရပ်ကျွမ်းကျင်မှုလေးမျိုးကို စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ဘိုးဘိုရပ်၊ ဈေးလမ်းနေ ဦးအောင်မြင့် [၇/ဝမန(နိုင်)၀၈၂၇၃၃] နှင့် ဒေါ်သန်းသန်းဝင်း [၇/ဝမန(နိုင်)၀၆၈၄၆၀] တို့၏သမီး မရွှေပြည့် [၇/ဝမန(နိုင်) ၁၃၂၃၉၄] သည် မိဘများပိုင်ဆိုင်သည့် ဆိုင်နေရာ၌ ရွှေပြည့်ရွှေဆိုင် အမှတ်(၂)အမည်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။ ၎င်းဆိုင်လုပ်ငန်း၏ အကျိုးအမြတ်အားလည်း မရွှေပြည့်မှပင် ရယူခံစား၍ မိဘများအနေဖြင့် ရယူခံစားခြင်းမရှိပါ။ မရွှေပြည့်သည် မိဘများ၏ဆိုဆုံးမမှုအား နာခံခြင်းမရှိ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ထို့ကြောင့် ၎င်းရွှေပြည့်ရွှေဆိုင်အမှတ်(၂)လုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်ကြသူများသည် မရွှေပြည့်နှင့်သာလျှင် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မိဘများနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်းလုပ်ငန်းနှင့်ပတ်သက်၍လည်း မိဘများက တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ထွန်း B.A(Law) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၀/၈-၈-၁၉၇၈)**
**ဦးရဲအောင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၆၂၀၄)**
**အမှတ်(၁၄၄)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း- ၀၉-၅၃၀၁၇၅၇၊ ၀၉-၄၂၈၀၃၅၇၄၈**

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့၊ပြည်နယ်ကုသရေးဦးစီးဌာနနှင့် အထွေထွေရောဂါကုဆေးရုံကြီး၊ ကျိုင်းတုံမြို့တို့၏ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောဆေးဝါးများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၅-၂၀၂၅ (အင်္ဂါနေ့)
ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ - ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့။
တင်ဒါပိတ်ရက်နှင့်အချိန် - ၃-၆-၂၀၂၅ (အင်္ဂါနေ့) မွန်းတည့် (၁၂:၀၀ ) နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၁၀၆၉ နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးဦးစီးဌာန (ကျိုင်းတုံမြို့) ဖုန်း-၀၈၄-၂၂၈၇၈၊ ၀၉-၄၄၉၂၅၅၂၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂K၊ မြေကွက်အမှတ်-V၈၄၊ ဧရိယာ (၀.၀၃၃) ဧက၊ မြေကွက်တည်နေရာအမှတ် (၅၅)၊ ၉၄လမ်း၊ ကန်တော်ကလေးတောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်အုန်းမြိုင် (CF-၀၃၄၅၇၉) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းမြိုင် (မိခင်) ကွယ်လွန်၊ ဦးသန်းဝင်း(ဖခင်) ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ဦးခင်မောင်ထွန်း [၁၂/မဂတ (နိုင်)၀၄၇၇၁၁]၊ ၂။ဒေါ်တင်တင်ဝင်း [၁၂/မဂတ(နိုင်)၀၄၆၆၈၆]၊ ၃။ ဦးအောင်မြင့် [၁၂/မဂတ(နိုင်)၀၄၅၇၁၀]တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများဖြစ်ကြသောမိမိတို့မောင်နှမ (၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိမိတို့မိသားစုသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့်အားလျော်စွာ မိခင်ဒေါ်အုန်းမြိုင်နှင့်ဖခင် ဦးသန်းဝင်းတို့အသီးသီး ကွယ်လွန်ပြီးနောက် ဖော်ပြပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားသမီးအရင်းများဖြစ်သော မိမိတို့မောင်နှမ(၃)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှ လွှဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်အုန်းမြိုင်နှင့် ဦးသန်းဝင်းတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်တို့နှင့် ဂရန်မူရင်းတို့အား တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၁၀၇၄)တွင် ဆောက်လုပ်ထားသည့် Maha Classic Mini Condo (၈ထပ်ခွဲ) ကန်ထရိုက်တိုက်၏ ပေ (၁၈x၅၄) ကျယ်ဝန်းသည့် (မြေညီ+ထပ်ခိုး)ထပ်၊ ခေါင်းရင်းခြမ်း(A) တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေအမည်ပေါက် ဒေါ်ခင်သန်းမြင့်[၁၂/လမန(နိုင်)၀၆၁၆၈၂]၏ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရထားသူ ဒေါ်ထိုက်ထိုက်အောင် (ဘ) ဦးကျော်လင်း [၁၂/ကမရ(နိုင်)၀၁၃၈၆၂]က ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၅ )ရက်အတွင်း ကျွန်ုပ်တို့ရုံးသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP) ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉) အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၈၈၅၀၃၂၃၁၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ဘိုးဘိုရပ်၊ ဈေးလမ်းနေ ဦးအောင်မြင့် [၇/ဝမန(နိုင်)၀၈၂၇၃၃] နှင့် ဒေါ်သန်းသန်းဝင်း [၇/ဝမန(နိုင်)၀၆၈၄၆၀]တို့၏ သမီးဖြစ်သူ မရွှေပြည့် [၇/ဝမန(နိုင်) ၁၃၂၃၉၄] ရွှေပြည့်ရွှေဆိုင် အမှတ်(၂) သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားသည့်အတွက် (၁၉-၅-၂၀၂၅)ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် မိဘများနှင့်သက်ဆိုင်ခြင်းမရှိဘဲ ၎င်း၏မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**မိဘဖြစ်သူများ၏လွှဲအပ်ချက်အရ**
**ဒေါ်ခင်မမဖြိုး LL.B (စဉ်-၁၁၆၂၈)**
**ဒေါ်ဂျူလိုင်မွန် LL.B (စဉ်-၁၅၁၁၆)**
**ဒေါ်ခိုင်သင်းသူ LL.B (စဉ်-၁၆၉၁၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၄၄)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း -၀၉-၅၃၀၁၇၅၇၊ ၀၉-၄၂၈၀၃၅၇၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄ ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၄၈၃/ခ)ဟုခေါ်တွင်သော အိမ်အမှတ်(၄၈၃/ခ)၊ မင်းရဲအောင်နိုင်လမ်း၊ (၁၄ ရွှေပေါက်ကံ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဧရိယာ(၀.၀၂၇၅)ဧကကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁ထပ်ခွဲတိုက်)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြမြင့်မိုရ်(ဘ)ဦးမြင့်ဦး [၁၄/မမက(နိုင်)၂၆၉၃၄၉]မှ ၎င်းအမည်ပေါက်ဖြင့် လက်ရှိတရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့် အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP) ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉) အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ -၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊စမ်းမြောက်ရပ်ကွက်၊စမ်းချောင်းလမ်း၊အမှတ်(၂၂)၊တည်ရှိရာစမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၂)၊မြေကွက်အမှတ်(၄၄)၊ဧရိယာ(၀.၀၈၂)ဧက၊မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊မြေအမည်ပေါက်-ဒေါ်မြမြအေး(၁၂/စခန(နိုင်)၀၀၆၆၉၄)မြေကွက်အားမြေအမည်ပေါက်(မိခင်)ဒေါ်မြမြအေးသည်(၁၁-၆-၂၀၂၃)ရက်နေ့တွင်လည်းကောင်း၊(ဖခင်)ဦးလွန်းကြည်သည်(၂၂-၁၀-၁၉၈၀)ရက်နေ့တွင်လည်းကောင်းကွယ်လွန်ခဲ့ကြောင်း၊၎င်းတို့တွင်သားသမီးအရင်းများအဖြစ်ဦးထွန်းလင်းကြည်၊ဒေါ်မော်မော်ကြည်၊ဒေါ်ခိုင်ခိုင်ကြည်၊ဦးသက်ထွန်းကြည်တို့မောင်နှမ(၄)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ကြောင်း၊အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊အမွေစားအမွေခံကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊၎င်းတို့၏ညီ/မောင်အရင်းဖြစ်သူဦးသက်ထွန်းကြည်သည်(၂-၉-၂၀၀၁)ရက်နေ့တွင်လူပျိုကြီးဘဝဖြင့်အမွေစားအမွေခံကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲကွယ်လွန်ခဲ့ကြောင်း၊ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာမိဘများနှင့်မွေးချင်းညီ/မောင်ဖြစ်သူတို့အသီးသီးကွယ်လွန်ကြပြီးနောက်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားကျန်ရစ်သူသားသမီးအရင်းများ/မွေးချင်းအစ်ကိုအစ်မအရင်းများဖြစ်ကြသောဦးထွန်းလင်းကြည်(၁၂/စခန(နိုင်)၀၀၆၆၉၂)၊ဒေါ်မော်မော်ကြည်(၁၂/စခန(နိုင်)၀၀၆၆၉၃)၊ဒေါ်ခိုင်ခိုင်ကြည်(၁၂/စခန(နိုင်)၀၀၆၆၉၇)တို့မောင်နှမ(၃)ဦးတည်းသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့်၎င်းတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းအလုံခရိုင်တရားရုံးတွင်ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၂၁၄၅/၂၀၂၄(၆-၁၂-၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်သေဆုံးမှုလက်မှတ်၊မြေငှားဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(က.စ)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြေကွက်အမှတ်-၃၅/ခ၊ မြေဧရိယာ (၀.၂၁၇) ဧကရှိ B-လ/န ၃ (ခ) ရှိပြီးဖြစ်သည့် မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်) ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် (င/၂၅၃) ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ အရှေ့တောင်ထောင့်တွင်ရှိသည့် မြေကွက်အမှတ် (၃၃-ဃ) နှင့် ကပ်လျက်ရှိသော အကျယ်အဝန်း ($\frac{၂၈}{၃၁}$x$\frac{၃၃}{၁၈}$)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သန်းသန်းဦး [၁၂/သဃက(နိုင်)၁၇၀၅၆၈]၊ ဦးတင်ဦး [၁၂/လကန(နိုင်)၁၂၂၃၅၂]၊ ဒေါ်မြမြစိုး [၁၂/သဃက(နိုင်)၀၄၅၉၅၈]၊ ဦးလှမျိုးကျော် [၁၂/သဃက(နိုင်) ၀၀၂၂၁၉]၊ ဦးစိုးမင်းအောင် [၁၂/သဃက(နိုင်)၀၀၂၂၂၀]၊ ဒေါ်တင်မာထွေး [၁၂/သဃက(နိုင်)၀၃၇၀၉၃] နှင့် ဒေါ်မာလာချစ် [၁၂/သဃက(နိုင်)၁၆၈၇၂၀] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## "တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ဦးမျိုးဇော် [၁၂/အစန(နိုင်)၁၉၉၉၃၈] နှင့် ဒေါ်ကြည်ကြည်နိုင်(ခ)ကြည်သာနိုင် [၇/ပခန(နိုင်)၃၇၂၆၄၃]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၁၉-၅-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးမျိုးဇော်နှင့် ဒေါ်ကြည်ကြည်နိုင် (ခ)ကြည်သာနိုင်တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွှယ်မှု မရှိတော့ဘဲ ဒေါ်ကြည်ကြည်နိုင် (ခ)ကြည်သာနိုင်၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ အိမ်ထောင်ရေးလူမှုရေး၊ စီးပွားရေး ကိစ္စအဝဝ တို့တွင်ပတ်သက်စပ်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်နိုင် (ခ)ကြည်သာနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင် LL.B, DL-101 Wipo (Switzerland)** | **ဒေါ်သက်ဆုရည် ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၉၁၈/၁၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၈၃/၁၇)** |
| **ဖုန်း - ၀၉ - ၄၂၅၁၆၈၉၃၂** | **ဖုန်း - ၀၉ - ၄၂၁၀၂၄၈၈၆** |

**ရုံး - အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သရဖီလမ်း၊ မြေကွက်အမှတ် (၅၇၈)၊ ဦးအောင်အောင် (ISN-550640) အမည်ပေါက်၊ အကျယ်အဝန်း (၄၀)ပေx(၆၀)ပေရှိ မြေချပါမစ်မြေကွက်အနက်မှ မြေကွက်အမှတ် (၅၇၇)နှင့် ကပ်လျက် (၂၀)ပေx(၆၀)ပေရှိ (ပါမစ်မူရင်းခြမ်း)၊ မြေကွက်အလွတ်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်စီမံလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ ဒေါ်စပယ်ဦး [၁၂/ဥကမ(နိုင်)၀၈၈၄၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၇၆)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၀၁၁၅၇၆၊ ၀၉-၉၇၆၇၅၆၀၆၂**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၂၇)ရှိ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ပထမထပ်(၂-လွှာ)၊ ခေါင်းရင်းခန်း (ဘယ်)၊ အကျယ်အဝန်း (၁၂ ပေx၅၀ ပေ)ခန့်ရှိ ကိုယ်ပိုင်မီတာ (၁)လုံး၊ ကိုယ်ပိုင်မော်တာ (၁)လုံး၊ ရေမီး အစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်မိုးသူ [၁၂/စခန(နိုင်)၀၃၀၁၃၄] (ကွယ်လွန်)သူ၏ ခင်ပွန်းဖြစ်သူ ဦးတင်ညွန့် [၁၂/စခန(နိုင်)၀၃၂၆၇၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၄)ရှိ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ (၃-လွှာ)၊ ခြေရင်းခန်း(ဘယ်)၊ အကျယ်အဝန်း (၁၂ပေခွဲ x၅၀ ပေ) ခန့်ရှိ ကိုယ်ပိုင်မီတာ (၁)လုံး၊ ကိုယ်ပိုင်မော်တာ (၁)လုံး၊ ရေမီး အစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား မြေရှင်နှင့် ကန်ထရိုက်တို့ အကျိုးတူ ကန်ထရိုက်တိုက်ဆောက်လုပ်ရာမှ ကန်ထရိုက်တာ ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပြီး ကန်ထရိုက်တာထံမှ ဒေါ်ဇာနည်မောင်မောင် [၁၂/စခန(နိုင်)၀၈၆၉၃၃]က တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ဦးအောင်ကိုကိုသိန်း [၁၂/ကမရ(နိုင်)၀၆၄၀၆၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆) လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-789877799, 09-799933939**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၉၄၀)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးဝင်းထိုက်အောင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်(၉၄၀)၊ စေတနာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် (၂)ထပ်(RC)နေအိမ်တစ်လုံး၊ ရေမီးအစုံအလင် အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးဝင်းထိုက်အောင် [၁၂/မဂတ (နိုင်)၀၉၂၁၀၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၇-၅-၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့် ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး LL.B, D.B.L, B.D.S (MOFA)** |
| **LL.B, W.I.P.O (Switzerland)** | **(Dip in English), W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## ပြည်ထောင်စုနယ်မြေ
## နေပြည်တော်၊ လမ်းဦးစီးဌာန (ကြီးကြပ်ရေးအဖွဲ့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၂၅-၂၀၂၆)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန( ကြီးကြပ်ရေးအဖွဲ့)၊ ဥတ္တရခရိုင်၊ လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါပေးဆောင်ရွက်ရန်နှင့် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ပစ္စည်းတင်ဒါတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၂၀-၅-၂၀၂၅)
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - (၃-၆-၂၀၂၅) ရုံးချိန်အတွင်း
(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ကြီးကြပ်ရေးအဖွဲ့၊ ရန်အောင် (၂)ရပ်ကွက်၊ နယ်မြေ (၆)၊ ဆေးရုံလမ်း၊ ပျဉ်းမနားမြို့နယ်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ဥတ္တရခရိုင်/လယ်ဝေးခရိုင်/ပျဉ်းမနားခရိုင်)၊ (၀၉-၄၀၂၅၉၈၉၈၁၊ ၀၉-၄၂၄၇၉၄၈၃၂)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊ လူနေရပ်ကွက်အမှတ်-(၁၆)၊ ဦးပုညလမ်း၊ မြေကွက်အမှတ် - (၁၀၁၃/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း( အလျား ၂၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်သူ ဦးတင်နု (TME/၀၂၄၈၆၈) ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝေဝေနိုင် [၉/တသန(နိုင်)၀၃၉၄၆၇] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းပြီး ၎င်းတစ်ဦးတည်းမှ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်ဝင်း [၁၀/ခဆန(နိုင်)၀၆၆၀၇၁]မှလည်း ဝယ်ယူရန်သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ-လိုင်စင်အမှတ်(၁၀၇၂၄)**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၅၄၀၇၈၃၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ အောင်ချမ်းသာ(၅)လမ်း၊ မြေကွက်အမှတ် (၄၁၁/ခ)ဟုခေါ်တွင်သော ဦးထွန်းလွင် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် (၂၀ x ၆၀)ပေအနက်မှ ခြေရင်းဘက်(ပါမစ်မိတ္တူခြမ်း)၊ မြေအကျယ်ပေ (၁၀ x ၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ဇော်နိုင် [၁၂/ဒဂတ(နိုင်)၀၉၅၂၁၆]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းသိန်း [၁၂/တမန(နိုင်)၁၃၅၈၁၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဦးဇော်မင်းသိန်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊**
**(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ သဇင်လမ်း၊ မြေကွက်အမှတ် (၅၆၄/ခ) ဟုခေါ်တွင်သော ဒေါ်လှငွေးရီအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား မြေအကျယ် (၂၀ x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဥ္ဇာလွင် [၁၂/ရကန(နိုင်)၀၀၂၁၉၂]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ရွှေရည် [၉/မကန(ပြု)၀၀၀၁၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဒေါ်ထိုက်ရွှေရည်**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊**
**(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၅၃၇)၊ (၀.၀၅၅၈ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အရပ်အခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ်(၅၃၇)ဟုခေါ်တွင်သော ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသက်ဟိန်း[၇/ပခန(နိုင်)၂၄၈၁၉၇]၊ ဦးကိုဦး[၁၂/မဂတ(နိုင်၀၈၈၆၈၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ပြည့်စုံ [၇/သကန(နိုင်)၁၁၃၆၄၆]၊ ဒေါ်စံစံမောင်သန်း[၁၀/မလမ(နိုင်)၁၉၂၇၁၄]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်စုံနှင့် ဒေါ်စံစံမောင်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651, 09-793568375**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ လူနေရပ်ကွက်အမှတ်(၁၃၄)၊ ဒေလီယာ(၃)လမ်း၊ မြေကွက်အမှတ်(၅၆၆)ဟုခေါ်တွင်သည့် မြေအကျယ်အဝန်း အလျား (၄၀)ပေ x အနံ (၆၀)ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် ထိုမြေကွက်ကြီး၏ မျက်နှာမူ(၅၆၅-ကပ်လျက်) ဘက်အခြမ်း မြေအကျယ် အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဇော်ဇော် [၁၂/ဒဂရ(နိုင်)၀၀၆၉၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်ယုဝင်း [၉/မဟမ(နိုင်)၀၀၉၉၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်နှင့်ပတ်သက်သည်ဟု ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွှန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၆)**
**အမှတ်-(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

## (၁၆-၅-၂၀၂၅) ရက် ကြေးမုံသတင်းစာပါ ဒေါ်စိုးစိုးမော် [၁၂/ဥကတ(နိုင်)၀၃၃၀၂၆]နှင့် ၎င်း၏ရှေ့နေတို့မှ စာဂ(၁၈)လမ်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြေနှင့်စပ်လျဉ်း၍ ကြေညာချက်အပေါ် ရှင်းလင်းပြန်ကြား၍ အများသိစေခြင်း

အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်ခင်မွန်မွန်ဝင်း [၇/သနပ(နိုင်) ၀၆၁၇၈၉]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ရှင်းလင်းပြန်ကြားအပ်ပါသည်-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၁၈)လမ်း၊ အမှတ်(၇၀၄)မြေကွက်အား မြေရှင်ဖြစ်သူ ဒေါ်စိုးစိုးမော်နှင့် ကန်ထရိုက်တာဖြစ်သူ ဒေါ်ခင်မွန်မွန်ဝင်းတို့သည် နှစ်ခန်းတွဲခြောက်ထပ်တိုက်ကို ဆောက်လုပ်ရန်အတွက် (၁၉-၈-၂၀၂၃)နေ့တွင် သဘောတူစာချုပ်ကို နှစ်ဦးသဘောတူ ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်အရ မြေရှင်ဖြစ်သူက (၆)ခန်းနှင့် ဒေါ်ခင်မွန်မွန်ဝင်းက (၆)ခန်း စုစုပေါင်း (၁၂)ခန်းဆောက်လုပ်ရမည်ဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုပြီးနောက် ပထမအရစ်အဖြစ် ငွေကျပ်၂၆၀၀၀၀၀/-တိတိကို ကန်ထရိုက်တာမှ မြေရှင်အား ပေးအပ်ခဲ့ပြီးဖြစ်သည်။ ထို့နောက် ဆောက်လုပ်ခွင့်တင်သည့်အချိန်တွင်လည်း ဒုတိယအရစ် ငွေကျပ် ၂၆၀၀၀၀၀/-ကိုလည်းပေးအပ်ခဲ့ပြီးဖြစ်သည်။ အဆောက်အဦဆောက်လုပ်ခွင့်ပြုခြင်းကိစ္စသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ရသောကိစ္စဖြစ်ပါသည်။ ဒီနေ့လျှောက်ဒီနေ့ရသောကိစ္စမဟုတ်ပါ။ လ/နှစ်နှင့်ချီပြီး ဆောင်ရွက်ရသောကိစ္စဖြစ်ပါသည်။ ထိုသို့လျှောက်ထားနေစဉ်အတွင်း ဒေါ်ခင်မွန်မွန်ဝင်း ဂျပန်နိုင်ငံသို့ ခေတ္တသွားရောက်နေစဉ် မြေရှင်ဖြစ်သူမှ ဒေါ်ခင်မွန်မွန်ဝင်း၏ကုမ္ပဏီမှ ဝန်ထမ်းများအားခေါ်ကာ ငွေကျပ်သိန်းတစ်ရာငါးဆယ်အား တောင်းသည့်အပြင် (၁၉-၈-၂၀၂၃)စာချုပ်အပြင် စာချုပ်အသစ်တစ်စောင်ကိုလည်း ထပ်မံချုပ်စေသဖြင့် ဝန်ထမ်းများမှ ဆောင်ရွက်ဆဲလုပ်ငန်းများ ပျက်မည်စိုး၍ မလွန်ဆန်နိုင်ဘဲ မြေရှင်အလိုကျ စာချုပ်တစ်စောင်ကို ချုပ်ဆိုပေးခဲ့ရပါသည်။ အဆိုပါစာချုပ်ကို ဒေါ်ခင်မွန်မွန်ဝင်းအား ကြိုတင်အသိပေးခြင်းမရှိဘဲ ချုပ်ဆိုခဲ့သဖြင့် ဒေါ်ခင်မွန်မွန်ဝင်း အနေဖြင့် အသိအမှတ်မပြုပါ။ ဒေါ်ခင်မွန်မွန်ဝင်း၏ ညွှန်ကြားချက်ဖြင့် အဆိုပါမြေနေရာတွင် အိမ်ဟောင်းဖျက်ခြင်း၊ မြေတူးခြင်း အပါအဝင် စည်ပင်ရေသန့်နှင့် မိလ္လာကန်ဆောက်ခြင်းကိစ္စများကို အလုပ်သမားများမှ ပြုလုပ်ပြီးဖြစ်ပါသည်။ ဆောက်လုပ်ခွင့်မှာလည်း ကျလာပြီဖြစ်၍ အဆောက်အဦအား စာချုပ်ပါအတိုင်း ဆောက်လုပ်ရန်သာရှိပါတော့သည်။

သို့သော်မြေရှင်ဖြစ်သူမှ အဖြစ်မှန်များကိုကွယ်ဝှက်၍ (၁၆-၅-၂၀၂၅) ရက်နေ့သတင်းစာတွင် အများသိစေရန်ကြေညာထည့်သွင်းဖော်ပြခြင်းသည် ဒေါ်ခင်မွန်မွန်ဝင်းအား သိက္ခာကျစေရန်ရည်ရွယ်ပြီး အခန်းဝယ်ယူသူများအား သို့လောသို့လောဖြစ်စေရန် တမင်ဖန်တီးခြင်းသာဖြစ်ပါသည်။ စာချုပ်တစ်ခုအား ကျိုးကြောင်းဆီလျော်မှုမရှိဘဲ တစ်ဖက်တည်း၏ဆန္ဒဖြင့် ပယ်ဖျက်၍မရပါ။ (၁၉-၈-၂၀၂၃) ရက်စွဲပါစာချုပ်နှင့်စပ်လျဉ်းပြီး မည်သည့်တရားရုံးကမျှ ပယ်ဖျက်ထားခြင်းမရှိပါ။ ယနေ့အထိ အတည်ဖြစ်နေဆဲဖြစ်ပါသည်။ စာချုပ်တွင် အဆောက်အဦ ဆောက်လုပ်ခွင့်ကျပြီး လ(၂၀)အတွင်းပြီးစီးအောင် ဆောက်လုပ်ပေးမည်ဟူသော သဘောတူညီချက်အပြင် ထပ်တိုး လများလည်း ပါရှိပြီးဖြစ်ပါသည်။ စာချုပ်သက်တမ်းကုန်ဆုံးခြင်းမရှိသေးဘဲ တစ်ဖက်သတ်ပယ်ဖျက်ခြင်းသည် ဥပဒေကလည်းခွင့်ပြုမည်မဟုတ်သလို ဒေါ်ခင်မွန်မွန်ဝင်းအနေဖြင့်လည်း လိုက်လျောပေးမည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဒေါ်စိုးစိုးမော်၏(၁၆-၅-၂၀၂၅)ရက်စွဲပါ ကြေညာချက်များသည် အမှန်တရားအား ချန်လှပ်ပြီး တစ်ဖက်သတ်လိုရာစွဲကာ ကြေညာခြင်းဖြစ်၍ ဒေါ်ခင်မွန်မွန်ဝင်း အနေဖြင့် လိုက်နာဆောင်ရွက်ပေးရန်မရှိကြောင်း အများသိစေရန် ရှင်းလင်းပြန်ကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သီတာဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)**
**အမှတ်(၁၄၈၅)၊ ဟေမဝန်လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၅၈၁၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းအုပ်စု(၁၁)ဝင်းရှိ ယခင် (အုပ်စုရုံး) (၆၀ပေx၃၄ပေx၁၂ပေ)အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ၃-နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်စနစ်ငှားရမ်းမှုတန်ဖိုး၏ ၁-လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% တို့အား ၁၂-လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) Lot(1) - ယခင်အုပ်စု ၁၁ ရုံး (အလျား ၆၀ ပေ x အနံ ၃၄ ပေ x အမြင့် ၁၂ပေ) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အဦ(၁)လုံး
(ခ) တင်ဒါပုံစံရောင်းမည့်ရက် - ၂၀-၅-၂၀၂၅ မှ ၃-၆-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ နေပြည်တော်။
(ဃ) တင်ဒါရှင်းလင်းခြင်းနှင့်တင်ဒါဖွင့်ဖောက်မည့်ရက် - တင်ဒါဝယ်ယူသူများသို့ ဆက်သွယ်အကြောင်းကြားပေးပါမည်။
(င) တင်ဒါဖွင့်ဖောက်မည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ နေပြည်တော်။

၂။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ငှားရမ်းမည့်အဆောက်အဦ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေ့ရက်တွင် လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**ရုံးအမှတ်(၃)၊ နေပြည်တော်။**
**ဖုန်း (၀၆၇-၃၄၀၈၆၃၉) (၀၆၇-၃၄၀၈၆၁၃)**
**(ဦးကျော်လွင်၊ ဒု-ညွှန်မှူး-၀၉-၂၆၃၈၈၆၆၅၇)**

## ပြန်လည်ရုပ်သိမ်းကြောင်း အများသိရှိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းအမှတ်(၁၀)၊ ဆင်ဖြူရှင်လမ်း၊ မြေကွက်အမှတ်(၃၆၀)ဟုခေါ်တွင်သော အလျား၄၀ x အနံ၆၀ ပေရှိ မြေနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ၌ ၂၉-၁-၂၀၂၅ ရက်နေ့ပါ ကြေညာစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိရှိစေရန် ကြော်ငြာလိုက်ပါသည်။

**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂)**
**Ph:09-43073659၊ 09-953073659**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ကံဘဲ့၊ မြေကွက်အမှတ်-၂၂၊ ဧရိယာ(၀.၁၄၁)ဧက၊ မြေကွက်တည်နေရာအမှတ်-၈၊ မင်္ဂလာလမ်း၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ **ဒေါ်မာဂရက်ဟိုက်[၁၂/ရကန(နိုင်)၀၅၄၂၂၅]၊ ဒေါ်လူးလူးဟိုက် (CJ-၀၀၂၀၈၄)၊ [၁၂/ရကန(နိုင်)၀၅၅၁၁၈]၊ ဒေါ်တူးတူးဟိုက် (CJ-၀၀၂၀၈၅)၊ [၁၂/ရကန(နိုင်)၀၅၆၄၃၀]** အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (၃)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ **ဒေါ်မာဂရက်ဟိုက်**နှင့် (ခင်ပွန်း)ဖြစ်သူ **ဦးဝိန်မောင်**တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ညီအစ်မများဖြစ်သူ အမည်ပေါက်များလည်းဖြစ်သူ **ဒေါ်လူးလူးဟိုက် (CJ-၀၀၂၀၈၄)၊ [၁၂/ရကန(နိုင်)၀၅၅၁၁၈]၊ ဒေါ်တူးတူးဟိုက် (CJ-၀၀၂၀၈၅)၊ [၁၂/ရကန(နိုင်)၀၅၆၄၃၀]**တို့မှ **ဒေါ်မာဂရက်ဟိုက်နှင့် ဦးဝိန်မောင်**တို့သည် သားသမီးထွန်းကားခြင်းမရှိပါကြောင်း၊ **ဒေါ်မာဂရက်ဟိုက်** သည် ခင်ပွန်းဖြစ်သူ ဦးဝိန်မောင် သေဆုံးပြီးနောက် နောက်အိမ်ထောင်ပြုခြင်း မရှိခဲ့ဘဲ ကွယ်လွန်ခဲ့ပါကြောင်း၊ **ဒေါ်မာဂရက်ဟိုက်၏** အကျိုးခံစားခွင့်အစုအရပ်ရပ်တို့အား မိမိတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၂၆-၈-၂၀၂၄) ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ အင်ကြင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၄၆၄)၊ အကျယ်(၂၅x၅၀)ပေရှိ ဒေါ်တင်တင်ထွေး အမည်ပေါက်သည့် တရားဝင်မခွဲစိတ်ရသေးသော ပါမစ်မြေကွက်ကြီးထဲမှ (ခေါင်းရင်းဘက်) အကျယ်(၁၂ပေခွဲx၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူဇာ [၁၂/တမန(နိုင်)၁၃၇၄၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B, WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ" (စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ ပြည်တော်သာ(၂)လမ်း၊ အမှတ်(၁၃/၇၅)ဟုခေါ်တွင်သော အလျား(၁၁'၆") x အနံ(၃၀')ရှိ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ၊ မီးစုံ နှစ်ထပ်နေအိမ်(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးခိုင်[၁၂/အစန(နိုင်)၀၇၄၁၅၈]ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြေးရီ[၁၂/အစန(နိုင်)၂၃၆၂၅၄]ကိုင်ဆောင်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသိန်း(LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၇၅)**
**အမှတ်-၁၂၃/၅၊ ရွှေသဇင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၁၇၅၆၊ ၀၉-၇၉၅၂၅၆၇၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာ (၁)လမ်း၊ မြေတိုင်းအမှတ်(၄)၊ အမှတ်(၁၆၃/ခ) (၁၀ ပေ x ပေ ၆၀) (ခြေရင်းခြမ်း) အကျယ်အဝန်းရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဇင်လတ် [၁၂/ကမရ(နိုင်)၀၆၁၂၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သန္တာနှင်း [၁၂/ရပသ(နိုင်)၀၈၁၉၁၄]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး (LL.B) အထက်တန်းရှေ့နေ (စဉ် - ၃၈၂၃၈)**
**ရုံး - ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း -၀၉-၄၂၀၁၀၇၅၈၄**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း နေလင်းထွန်း၏ ဖခင်ကြီး ဦးရဲထွန်း (လေ/၅၀၉၅)(ငြိမ်း)၊ အသက်(၉၃)နှစ်သည် ၁၉-၅-၂၀၂၅ ရက်နေ့ နံနက် ၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၉)မှ သူငယ်ချင်းများ**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာ ဦးလှမောင် (အုတ်ဖို)

**အရိုးဆေးရုံအုပ်ကြီး(အငြိမ်းစား)**

**ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ**

## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (M-112)၊ စမ်းချောင်းဂါးဒမ်းကွန်ဒိုနေ ဒေါ်ကြည်ကြည်သန်း၏ မောင်၊ (ဒေါ်ကြည်ကြည်ဝင်း)၏ ခင်ပွန်း၊ Dr.ကျော်ထင်မောင်-ဒေါ်အဲလစ်ဆိုင်းရော်(UK)၊ Dr.အောင်မျိုးမောင်-Dr.မေနွယ်ထွန်း(Brunei)၊ ဒေါ်သန္တာမိုး-ဦးညီညီသက်မြင့်၊ Dr.တင်ထွဋ်မောင်-ဒေါ်စန္ဒာသင်း၊ ဒေါ်နွယ်နီမိုး-ဦးကျော်ဦးလွင်တို့၏ ချစ်သောဖခင်၊ Dr.Daniel Maung-Mrs.Emily Maung (Uk)၊ Ethan Maung (UK)၊ Dr.ခိုင်စန္ဒာမောင်-ကိုအုပ်စိုးကျော်(Malaysia)၊ ကိုမျိုးသူရမောင်-Dr.ယဉ်မျိုးလွင်(Brunei)၊ Juve Thet Myint (Singapore)၊ မောင်ဝေယံကျော်လွင်(FP-2)၊ မောင်သော်လင်းထက်လွင်(IRPCT Rayong)၊ မောင်ထူးမြတ်ကျော်လွင်(Grade.12-TTC)၊ မင်းဟိန်းခန့်(Grade.12, Brainworks)နှင့် မြစ်လေးယောက်တို့၏ အဘိုး ဒေါက်တာ ဦးလှမောင် အသက် (၉၁)နှစ်သည် ၁၇-၅-၂၀၂၅(စနေနေ့) နံနက် ၈နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့၌ပင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဝမ်းနည်းညှိုးငယ်စွာဖြင့် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၅(သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ (ဓမ္မစေတီကျောင်းတိုက်)သို့ တရားတော်နာကြွရောက်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ ယာဉ် ဒါယကာကြီး**

## ဦးဘိုလေး

## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ကံ့ကော် (၂)လမ်း၊ ခြံအမှတ်(R-10)နေ (ဦးဘတင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးဘိုးကြူ-ဒေါ်မနီ)တို့၏ သားသမက်၊ ဒေါ်တင်မေ ၏ ခင်ပွန်း၊ ဦးမျိုးမြင့်- ဒေါ်အေးအေးမြ၊ (ဦးဇော်မြင့်)၊ ဦးမြင့်လှိုင်-ဒေါ်မြမြမွန်၊ ဦးနိုင်ဝင်း-ဒေါ်ရူပါစိုး၊ ဦးခင်မောင်ညွှန့်-ဒေါ်အေးအေးပြုံး၊ ဒေါ်ခင်ချိုချို၊ ဦးတင်အောင်စိုး-ဒေါ်လဲ့လဲ့ချို၊ ဦးမျိုးကျော်-ဒေါ်ရွှေရည်တိုး၊ Dr.ဦးထွန်းကျော် - Dr.ဒေါ်ငြိမ်းချမ်းပြည့် တို့၏ မွေးသဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုး ဦးဘိုလေးသည် ၁၈-၅-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၆:၁၆ နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၅ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/မြို့မအနောက်ရပ်)၊ မြေကွက်အမှတ်(ပ-၃၀၀၂၅)ဟုခေါ်တွင်သောမြေအကျယ်အဝန်း (၄၀×၆၀)ပေ ဧရိယာ(၀.၀၅၅) ဧကရှိရန်မြေကွက်နှင့်နေအိမ်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနမြို့မြေစာရင်းတွင် **ဒေါ်ရွှေရွှေဝင်း** အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှတရားဝင် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်သန်းသန်းဆွေ** (၁၂/တမန(နိုင်)၀၀၅၁၇၉)ထံမှ (၁၇.၅.၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူမြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်တင်တင်ဝင်း** (၁၂/တမန(နိုင်)၀၀၆၄၅၃)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသည်။သို့ဖြစ်၍အဆိုပါမြေကွက်နှင့် နေအိမ်အားကျွန်ုပ်၏မိတ်ဆွေသာလျှင်ဥပဒေနှင့်အညီတရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အားကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းတို့ကို တစ်နည်းနည်းဖြင့်(လုံးဝ) မပြုလုပ်ရန်နှင့် အခြားသောကိစ္စအရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ်(၁၀၁)၊၃၉လမ်း၊ ပထမထပ်၊ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇၊မြေကွက်အမှတ်-၁၁၇၅/ခ၊မြေကွက်တည်နေရာအမှတ်(၁၁၇၅/ခ)၊သံသုမာလမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်မြရွှေ(၁၂/ဥကတ(နိုင်)၀၁၈၄၉၄)(PGU-၁၄၀၁၇၀)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်-ဒေါ်မြရွှေ(အပျိုကြီး၊ဘ၀)ဖြင့်ကွယ်လွန်သဖြင့်မောင်အရင်းဖြစ်သူဦးဝင်းကြည်ကွယ်လွန်သဖြင့်၎င်း၏အစုအတွက်သား/သမီးများဖြစ်ကြသောဒေါ်ငွေငွေလှိုင်၊ဦးကျော်သူထွန်းတို့အားတရားပြိုင်ထား၍တရားလိုဒေါ်ခင်မျိုးသက်မှပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးစေလိုမှုဖြင့်စွဲဆိုသောသဃ်န်းကျွန်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်(၁၇၆/၂၀၂၄)၏စီရင်ချက်၊ဒီကရီနှင့်အမည်ပေါက်၏တူမတော်စပ်ကြောင်းကျမ်းကျိန်လွှာ(၇၅၈/၂၀၂၅)(၂၅-၃-၂၀၂၅)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်၊အိမ်ထောင်စုစာရင်း၊တရားရုံးအမိန့်များ၊သေစာရင်းများ၊မိသားစုစီမံစာချုပ်၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဆန်းဦးလွင်(ခ)ဦးကြီးသာ

**အမှုဆောင်၊ အသင်းဝင်အမှတ်-၄၀၂**

## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်(၂၀)၊ အခန်း(၆၁)၊ အမှတ်(၇) ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြမြသန်း၏ ခင်ပွန်း ဦးဆန်းဦးလွင်(ခ)ဦးကြီးသာသည် ၁၉-၅-၂၀၂၅ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းမိပါကြောင်း။

**နာယက၊ အမှုဆောင်အဖွဲ့**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင် (ဗိုလ်ကြီး - ငြိမ်း)

## အသက်(၈၇)နှစ်

ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသီတာအောင်၏ ဖခင်ကြီး ဦးတင်အောင်သည် ၁၉-၅-၂၀၂၅ (တနင်္လာနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားသည်ဟု ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနမိသားစု**

**ရန်ကုန်တက္ကသိုလ်**

## ဒေါ်မေစီ

## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်း ရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ် (၅၃)နေ (ဦးလှတင်-ဒေါ်အောင်မြ)တို့၏သမီး၊ (ဦးတင်ရှိန်)(စာရင်းစစ်ချုပ်ရုံး/ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မျိုး-ဒေါ်ချိုချိုဝင်း၊ ဒေါ်စန်းစန်းရှိန်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မောင်ဘုန်းမြတ်ကျော်၊ မောင်ဘုန်းပြည့်စုံ၊ မောင်ဘုန်းမင်းခန့်တို့၏အဘွား ဒေါ်မေစီ အသက် (၇၈)နှစ်သည် ၁၈-၅-၂၀၂၅ ရက် ညနေ ၃ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၅-၂၀၂၅ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းနွဲ့[၈/မတန(နိုင်)၀၄၀၇၃၂]သည် "ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၁)၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၅၄၈)၊ အကျယ်အဝန်း အလျား (၄၀)ပေxအနံ(၆၀)ပေ ဒေါ်ဝါဝါမွေးအိ နှစ်(၆၀)ဂရန်အမည်ပေါက် မြေကွက်ကြီးအတွင်း ခေါင်းရင်းခြမ်း အကျယ်အဝန်း အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်မီကိုစန်း[၆/ရမန(နိုင်)၀၂၁၀၆၄]ထံမှ (၁၉-၉-၂၀၂၃)ရက်နေ့တွင် "နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်" ချုပ်ဆို၍ လက်ရောက်ရယူကာ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းနွဲ့သာလျှင် အထက်ပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ တရားဝင်ပိုင်ရှင်ဖြစ်ကြောင်းနှင့် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝါဝါမွန် (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၉၂၂)**

**အမှတ်(၆၈၅/မြေညီထပ်)၊ သော်ကလမ်း၊ (၁)ရပ်ကွက်၊**

**မြောက်ဥက္ကလာပမြို့နယ်။ Ph:09-263630989, 09-785474591**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တော်ဝင်မိသားစုကုမ္ပဏီမှ တည်ဆောက်ခဲ့သောမရမ်းကုန်းမြို့နယ်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းဆုံရှိ သီရိရိပ်သာအဆင့်မြင့်အိပ်ရာမှ တိုက်ခန်းအမှတ်-E-726 အခန်းကို**ဒေါ်တင်ဝင်းရီ**(၁၂/ကမရ(နိုင်)၀၄၂၈၂၂)သည်(၉-၇-၂၀၂၁)နေ့တွင် အမည်ပြောင်းဆောင်ရွက်ခဲ့ပါသည်။ **ဒေါ်တင်ဝင်းရီ** သည်၎င်း၏ခင်ပွန်းဖြစ်သူ **ဦးကျော်ဇောနိုင်**(၁၂/ကမရ (နိုင်)၀၂၄၇၆၂)နှင့်တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး၊လက်ရေတပြင်တည်းတစ်အိုးတစ်အိမ်တည်းအတူတကွ ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။**ဦးကျော်ဇောနိုင်**သည်(၂၁-၃-၂၀၁၃) ရက်နေ့တွင်ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့ပြီး**ဒေါ်တင်ဝင်းရီ**သည်(၆-၄-၂၀၂၅)ရက်နေ့တွင်ထပ်မံကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့ပါသည်။၎င်းတို့တွင်သားသမီးရတနာ ထွန်းကားခဲ့ခြင်းမရှိပါ။အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်ကိုတစ်ဦးတည်းသောကျန်ရစ်သူအမွေခံမောင်အရင်းဖြစ်သူ **ဦးအောင်ဇော်မြင့်** (၈/ပကခ (နိုင်)၀၁၉၀၁၄)မှအမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်းတော်ဝင်မိသားစုကုမ္ပဏီ(သို့မဟုတ်)ကျွန်ုပ်ထံသို့ခိုင်လုံသည့်အထောက်အထားများနှင့်တကွ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ **ဒေါ်တင်ဝင်းရီ** ၏အမည်မှ **ဦးအောင်ဇော်မြင့်** ၏အမည်သို့အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးတင်မောင်ဆွေ

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)

အမှတ်-၁၈၅၊ ပထမထပ်၊(ဝဲဘက်အခန်း)

၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၀၀ ၄၇၇၅

## ဦးကိုကိုလေး

**လဝကမှူး(ငြိမ်း)**

**အ.ထ.က(၁)လသာ၊ ဟိုက်စကူးကျောင်းသားဟောင်း**

**ထနီး(မအူပင်)**

## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၇၉၀)၊ နောင်ခမ်းဦးလမ်းနေ (ဦးဘတုတ်-ဒေါ်နုနု)တို့၏ သား၊ (ဒေါ်ညွှန့်ညွှန့်တင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဇော်ဌေး-ဒေါ်တင်နန္ဒာထွန်း၊ ဦးမောင်အောင်-ဒေါ်တင်တင်လှိုင်၊ ဦးအောင်ကျော်ကျော်-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်တင်တင်ကို၊ ဦးရဲသူဟန်-ဒေါ်မီမီဝင်းတို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မြေး ကိုးယောက်တို့၏ အဘိုးသည် ၁၈-၅-၂၀၂၅(တနင်္ဂနွေနေ့) ည ၁၀:၄၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၅(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင် (ဗိုလ်ကြီး - ငြိမ်း)

## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄(၆)ရပ်ကွက်၊ မင်းရဲကျော်ထင်လမ်း၊ အမှတ်(၅၂၈)နေ (ဦးသိန်း-ဒေါ်လှရင်)တို့၏သား၊ ဒေါ်လှဝင်းနိုင် ၏ ခင်ပွန်း၊ ဦးမောင်မောင်သန့်-ဒေါ်သန္တာဝင်း၊ ဒေါ်သီတာအောင်၊ ဦးအေးဝင်း-ဒေါ်သန္တာအောင် တို့၏ ဖခင်၊ မြေး ငါး ယောက်တို့၏ အဘိုး ဦးတင်အောင်သည် ၁၉-၅-၂၀၂၅ (တနင်္လာနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ၂၁-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၅ (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)၊ Commercial Area ၄ ခန်းတွဲ ၃ထပ် Shop House တိုက်အမှတ်(၉)၊ အခန်းအမှတ်(၂၀၃) အား ဦးကျော်ဇင် [၉/ကပတ(နိုင်)၁၇၁၅၈၃]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ လင်ချောင်ဝမ်(ခ) ဦးကျော်ဝင်း[၁၂/ဗဟန(နိုင်)၁၁၀၇၁၆] က ၎င်းအမည်ဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဆန်းဦးလွင်(ခ)ဦးကြီးသာ

**(ပုလောအသင်းအမှုဆောင်)**

**(ပုလော)**

## အသက်(၇၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နေ(ဦးဘချစ်-ဒေါ်တင်ရီ)တို့၏သားကြီး၊ ဒေါ်မာမာအေး၊ (ဒေါ်သန်းသန်းအေး)၊ ဒေါ်ဝါဝါအေး၊ ဦးကျော်စိုး-ဒေါ်အေးမီသင်း၊ ဦးအောင်မိုးငြိမ်း-ဒေါ်မိုးမိုးအေး၊ ဒေါ်မြတ်မြတ်အေးတို့၏ အစ်ကိုကြီး၊ ဗိုလ်မှူး ဇင်မင်းနိုင်(ခ)စည်သူအောင်-ဒေါ်ကျော့ကျော့ဇင်၊ ကိုဖြိုးသူအောင်၊ ကိုမျိုးသူအောင်တို့၏ ချစ်လှစွာသော ဖခင်၊ မယွန်းဝတီအောင်၊ မောင်ဝေလျှံမင်းတို့၏ ချစ်လှစွာသော အဘိုး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုက်(၂၀)၊ အခန်း(၆၁)၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်မြမြသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၅-၂၀၂၅ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၁-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက် ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား ကျောင်းသူတို့၏ဘဝ အကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင် ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့ The Open International Biology Olympic(OIBO) 2025 ပြိုင်ပွဲတွင် ဒဂုံ(၁)မှ တစ်ဦးချင်းတတိယဆုများရရှိ

ရန်ကုန် မေ ၁၉

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့ ဖက်ဒရယ်နယ်မြေ ဆိုင်ရပ်စ်၌ ကျင်းပသော The Open International Biology Olympic(OIBO) 2025 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအတွင်း တစ်ဦးချင်း တတိယဆုများ ဆွတ်ခူးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ဒဂုံမြို့နယ် အမှတ်(၁)

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❐



## MNL ယူ-၂၁ လူငယ်လိဂ်တွင် ရန်ကုန်ယူနိုက်တက်အသင်း ဆက်လက်ဦးဆောင်

ရန်ကုန် မေ ၁၉

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ကို မေ ၁၉ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လေးပွဲဆက် အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲအစ ခြောက်မိနစ်တွင် ထူးဝဏ္ဏက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၃၅ မိနစ်တွင် ရန်နိုင်ဖြိုးက ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ထို့ကြောင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၆၆ မိနစ်တွင် မင်းသန့်ဘိုက သွင်းယူခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍


ယနေ့ ဖတ်စရာ

**ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာဝယ်**
ဆောင်းပါး စာမျက်နှာ » ၁၀

**မျက်မမြင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ခေါ်ယူ**
စာမျက်နှာ » ၁၁

**ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုး မျိုးကွဲဖြစ်သည့် အိုမီခရွန် XEC အမျိုးအစား ကူးစက်ပျံ့နှံ့မှုများပြားလာ**
စာမျက်နှာ » ၁၃

**ONE Friday Fights 109 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမ့်ဗီ တွဲဆိုင်း ပါဝင်မည်**
စာမျက်နှာ » ၁၉


## အင်တာမီလန်အသင်း အီတလီစီးရီးအေဖလားချန်ပီယံဖြစ်ရေး နောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမည်

အင်တာမီလန်အသင်းဟာ မေ ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၃၇)မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် အီတလီစီးရီးအေချန်ပီယံဖြစ်ရေးအတွက် နောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပွဲစဉ်(၃၇)မှာ လာဇီယိုအသင်းနဲ့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ လက်ရှိစီးရီးအေ တစ်ပွဲကျန်အနေအထားမှာ ၇၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေတာကြောင့် အင်တာမီလန်အသင်းနဲ့ နာပိုလီအသင်းတို့ဟာ တစ်မှတ်ကွာအနေအထားမှာ ရှိနေတာ ဖြစ်ပါတယ်။

နာပိုလီအသင်းကတော့ ပွဲစဉ်(၃၇)မှာ ပါးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အီတလီစီးရီးအေ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂



အင်တာမီလန်အသင်းနှင့် လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။